ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ တော်သလင်းလကွယ်၊ ကြာသပတေးနေ့၊ (21-9-2006) (၅၀၈၇)

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လက်ရွေးစင် အားကစားသမားများနှင့် ထူးချွန်ဝန်ထမ်းများ၊ ပညာရည်ချွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော်　　စက်တင်ဘာ　　၂၀

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မာဒေးကားဖလားဆုရ မြန်မာဘောလုံးအသင်းတွင် ပါဝင်ခဲ့ကြသော အားကစားသမားများ၊ အဆင့်မြင့်တန်းကွင်းဖွင့်ဖလား ပထမဆုရ အားကစားသမားများ၊ အားကစားပြိုင်ပွဲအသီးသီးတွင် ဆုရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများနှင့် ထူးချွန်ဝန်ထမ်းများ၊ ပညာရည်ချွန် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၉ရက် နံနက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဆုများချီးမြှင့်သည်။**

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ အားကစားထူးချွန်ဆုရရှိသူများနှင့် ပညာရည်ချွန်ဆုရ ဝန်ထမ်း သား၊ သမီးများ တက်ရောက်ကြသည်။

ထို့နောက် (၃၈)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲတွင် ပါဝင်ခဲ့သည့် ဝန်ကြီးဌာနမှ ဘောလုံးသမားလေးဦး၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

### ဆောင်းပါး အညွှန်း

**ပိစပ်ရွက်(အရိုင်းရောအယဉ်ပါ) အနာများအတွက် အစွမ်းထက်၍ နှစ်မျိုးစလုံးသုံးနိုင်ပါသည်။ ပိစပ်ရွက်သည် အနာများကို ကျက်စေနိုင်ပါသည်။ အနာကျက်စေရုံသာမကဘဲ အနာများကို အသားနုလည်း တက်စေနိုင်ပါသည်။ အနာမှ ပြည်မြစ်များကိုလည်း စုပ်ယူဆွဲထုတ်ပေးနိုင်သော အာနိသင်ရှိပါသည်။**

ဝတ်ရည်ဆွေ(တိုင်းရင်းဆေးပညာဦးစီးဌာန)၏
**"ဆေးဖက်ဝင် ပိစပ်ပင်"** (ဆောင်းပါး) စာမျက်နှာ-၃

# မြို့တွင်းဓာတ်အားစနစ် ပိုမိုကောင်းမွန်စေရန်နှင့် ပြည့်ဝစွာရရှိစေရန် ပြည်သူနှင့်လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်၍ လျှပ်စစ်ကဏ္ဍမြှင့်တင်

**နေပြည်တော်　　စက်တင်ဘာ　　၂၀**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် စက်တင်ဘာ ၁၇ရက် ညနေပိုင်းတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် ဦးအေးသော်တို့လိုက်ပါ၍ မြို့လှမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိပြီး ဓာတ်အားခွဲလက်ခံကောင်တာကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးအား လျှပ်စစ်မှူး ဦးခင်စိုးက မြို့အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမှုအခြေအနေနှင့် ဓာတ်အားခကောက်ခံရရှိမှုအခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧

## မုန်တိုင်းငယ် အနောက်မြောက်ဘက်သို့ ရွေ့လျားမည်

**ရန်ကုန် စက်တင်ဘာ ၂၀**

ယနေ့နံနက် မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက် အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းသို့ ရောက်ရှိပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် တစ်ခုအဖြစ်သို့ ရောက်ရှိကာ အိန္ဒိယနိုင်ငံ ကိုးကတ္တားမြို့၏ အရှေ့တောင်ဘက် မိုင် ၁၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားမည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထားသည်။ (သတင်းစဉ်)

**အတ္တလန္တစ်အာကာသယာဉ်မှူးများ နိုင်ငံတကာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)တွင် လုပ်ငန်းများ ဆောင်ရွက်နေစဉ်။** (ဓာတ်ပုံ-နာဆာ)

# အတ္တလန္တစ်လွန်းပြန်ယာဉ် ပြန်လည်ဆင်းသက်မှု နာဆာရွှေ့ဆိုင်း

**ဝါရှင်တန်　　စက်တင်ဘာ　　၂၀**

ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီအာကာသစခန်းတွင် ရာသီဥတု ဆိုးရွားနေမှုကြောင့် အတ္တလန္တစ် အာကာသလွန်းပြန်ယာဉ် ပြန်လည်ဆင်းသက်မည့်ရက်ကို ကြာသပတေးနေ့အထိ ရွှေ့ဆိုင်းလိုက်ကြောင်းသိရသည်။ အတ္တလန္တစ်အာကာသလွန်းပြန်ယာဉ်ကို ၂၄နာရီထက် ပို၍ ကမ္ဘာပတ်လမ်းကြောင်းအတွင်း ဆက်လက်ထားရှိရန် အုပ်ချုပ်ရေးအဖွဲ့ကဆုံးဖြတ်လိုက်ကြောင်း နာဆာမှပြောရေးဆိုခွင့်ရှိသူ ဒေါက်ဂ်ပီတာဆန်က ပြောကြားသည်။ အာကာသယာဉ်ပေါ်တွင် ရိက္ခာအပိုနှစ်ရက်စာ ပါရှိကြောင်း၊ မြေပြင်သို့ ပြန်လည်ဆင်းသက်ပါက ကယ်လီဖိုးနီးယားရှိ အက်ဒွပ်လေတပ် အခြေစိုက်စခန်းသို့လည်း ပြန်လည်ဆင်းသက်နိုင်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

**အမ်အင်အေ၊ ဆင်ဟွာ။**

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၂၁-၉-၂၀၀၆
(ကြာသပတေးနေ့)

# ကျန်းမာရေးပညာပေးမှု အစဉ်သတိပြုလိုက်နာ

နိုင်ငံတော်က ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာတွင် ကုသမှုလုပ်ငန်းအပြင် ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများကိုပါ အဓိကထားလုပ်ဆောင်ပေးလျက်ရှိသည်။ ပြည်သူတိုင်း ကျန်းမာခြင်းသုခ ပြည့်စုံစွာရရှိစေရေး ဖန်တီးဖော်ဆောင်ရာ၌ ကျန်းမာရေးဌာနတစ်ခုတည်းသာမက ပြည်သူများကပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ထမ်းများက ပြည်သူများ ရောဂါဘယကင်းဝေးစေရေးအတွက် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ ဖြန့်ဝေအသိပညာပေးလျက်ရှိရာ ပြည်သူများသိရှိပြီး ရောဂါမဖြစ်ပွားစေရန် သတိပြုကာကွယ်ရမည့် ရောဂါတစ်ခုမှာ သွေးတိုးရောဂါဖြစ်သည်။ သွေးတိုးရောဂါသည် ကမ္ဘာပေါ်ရှိနိုင်ငံအများအပြားတွင် တွေ့ကြုံခံစားနေရပြီး အချို့နိုင်ငံများတွင် အသက် ၆၀ ကျော်သည့် လူဦးရေ၏ ထက်ဝက်ကျော်မှာ သွေးတိုးရောဂါဖြစ်ပွားလျက်ရှိသည်။

မြန်မာနိုင်ငံတွင် သွေးတိုးရောဂါဖြစ်ပွားမှုနှုန်းမှာ လူတစ်ရာလျှင် ၁၆ ဦးမှ ၂၀ ခန့်အထိဖြစ်ကြောင်း သုတေသနပြုချက်များအရ သိရှိရသည်။ သွေးတိုးရောဂါရှိသူများသည် ခေါင်းကိုက်ခြင်း၊ မျက်စိဝေခြင်း၊ အားအင်ကုန်ခန်းခြင်း၊ မောဟိုက်ခြင်း လက္ခဏာများရှိနိုင်၍ အခါအားလျော်စွာ သွေးပေါင်ချိန်၍ စစ်ဆေးခြင်း၊ သွေးတိုးရောဂါရှိပါက သွေးပေါင်မှန်မှန်ချိန်၍ စနစ်တကျ ဆေးကုသမှုခံယူခြင်းများ ပြုလုပ်ကြရမည်ဖြစ်သည်။

ထို့အပြင် အူရောင်ငန်းဖျား၊ ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ ဆင်ခြေထောက်၊ ဂျပန်ဦးနှောက်အမြေးရောင် စသည့် ရောဂါများ ဖြစ်ပွားနိုင်သည့် ယင်နှင့် ခြင်တို့သည် မျိုးဆက်ပွားမှု လျင်မြန်အားကောင်းသဖြင့် မိမိတို့ ပတ်ဝန်းကျင်တွင် ခြင်၊ ယင်များ မခိုအောင်းနိုင်စေရန် အမှိုက်သရိုက်ကင်းစင်သည့် ကျန်းမာသော ပတ်ဝန်းကျင်ကို ဖန်တီးလုပ်ဆောင်ကြရမည် ဖြစ်သည်။

ကျန်းမာကြံ့ခိုင်ခြင်းသည် လူတိုင်းအတွက် လိုအပ်ချက်ဖြစ်ရာ လူတိုင်း လူတိုင်း ကျန်းမာခြင်း၊ကြံ့ခိုင်ခြင်း၊ အသက်ရှည်ခြင်းတို့ဖြင့် ပြည့်စုံနေရန် အထူးလိုအပ်သည်။ ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများ ရောဂါဘယကင်းရှင်းရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိသည်နှင့်အညီ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများအားလုံးက ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေး အသိပညာပေးမှုများကို အစဉ်သတိပြုလိုက်နာဆောင်ရွက်ခြင်းဖြင့် ပြည်သူတိုင်း ကျန်းမာခြင်းသုခနှင့် ပြည့်စုံကြမည်ဖြစ် ပါသည်။ ။

## ဆက်ကပ်လှူဒါန်း

မန္တလေးမြို့မဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာတော်သင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ကြော်ငြာနှင့် ဗွီဒီယိုရုပ်ရှင်သရုပ်ဆောင် ပုလဲဝင်းနှင့် ဇင်ဇင်ဇော်မြင့်တို့က အလှူငွေကျပ် တစ်သိန်းနှင့်ငါးသောင်းကို ကျောင်းဖြစ်မြောက်ရေးဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒနှင့် အတွင်းရေးမှူး ဆရာတော် အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)တို့ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# တစ်မိုးနှစ်သီး ပထမမိုးစပါး ရိတ်သိမ်းပွဲနှင့် ဒုတိယမိုးစပါး ပြန်လည်စိုက်ပျိုးမှု တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၀

**မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၈ရက် ညနေပိုင်းက ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာသို့ သွားရောက်၍ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။**

ဆက်လက်၍ တိုင်းမှူးသည် ဇုတ်သုတ်-ဇုက္ကလ်ကျေးရွာချင်းဆက်လမ်းဘေးဝဲ၊ ယာရှိတောင်သူ ဦးကျော်သိန်းနှင့် ဦးကျော်စိုးတို့၏ လယ်ယာမြေ၌ တစ်မိုးနှစ်သီး မိုးစပါးရိတ်သိမ်းနေမှုများ၊ စပါးခြွေလှေ့စက်ဖြင့် ခြွေလှေ့နေမှုများ၊ စက်ဖြင့် မြေယာထွန်ယက်ပြုပြင်နေမှုနှင့် တစ်မိုးနှစ်သီး ဒုတိယမိုးစပါးထပ်မံ စိုက်ပျိုးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးစိန်ဝင်းနှင့် မြို့နယ်ဥက္ကဋ္ဌဦးကျော်လွင်တို့က သီးထပ်ရင်မျိုးစပါးနှင့် ဆင်းသွယ်လတ်မျိုးစပါးများ တစ်မိုးနှစ်သီး ပထမမိုးစပါး ရိတ်သိမ်းမှုနှင့် ဖြစ်ထွန်းအောင်မြင်မှုအခြေအနေများကို လိုက်လံရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

## လှည့်လည်ကြည့်ရှု

ဆက်လက်၍ ရှင်းလင်းဆောင်တွင် မြို့နယ် ဥက္ကဋ္ဌဦးကျော်လွင်က မိုးစပါးနှင့် ရေတော်မိုးတော်စပါး စိုက်ပျိုးပြီးစီးမှုနှင့် တစ်မိုးနှစ်သီးစပါး စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဇုတ်သုတ်၊ ဇုက္ကလ်ကားလမ်းဝဲ၊ ယာတစ်လျှောက် ဖြစ်ထွန်းအောင်မြင်လျက်ရှိသောမိုးစပါး အခြေအနေကို လှည့်လည်ကြည့်ရှုသည်။

## ပြည့်မီစွာ

ဘီးလင်းမြို့နယ်အနေဖြင့် တစ်မိုးနှစ်သီးစပါးအဖြစ် သီးထပ်ရင်ယာ (၂) ထွန်းနှင့် ဆင်းသွယ်လတ်စပါးမျိုး အပါအဝင် စုစုပေါင်း ၁၈၂၃၁ ဧက စိုက်ပျိုးဆောင်ရွက်လျက်ရှိပြီး ၂၀၀၆-၂၀၀၇ ခုနှစ် ရာသီကုန်တွင် လျာထား ၁၄၆၄၁၈ဧကကို ပြည့်မီစွာ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ကွယ်လွန်သူ မိဘများဖြစ်သော ဦးစီကို-ဒေါ်ချစ်၊ ဦးဖန်ဆင်း၊ ဒေါ်ညွန့်ရီ ခင်ပွန်း ဦးမောင်လှ၊ အစ်မကြီး ဒေါ်ကျင်အုံးတို့အား ရည်စူး၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၂)ရပ်ကွက် မြရတနာလမ်းနေ ဒေါ်စမ်းနှင့် သားသမီးမြေးတစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ် ၁၅၀၀၀၀ ကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

**ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်းရှိ သုခစုစံ ပြည်ပအလုပ်အကိုင်ရှာဖွေရေး ကုမ္ပဏီမိသားစုက ဗဟန်းမြို့နယ် ဓိဝိတဒါန သံဃာ့ ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။**

(က-ပ)

## မိုးကုတ်သံဝေဇနိယ(နေ့)တရားစခန်း

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ် သွေးဆေးကန်အနီး မူလကမ္ဘာအေးလေး ကျောင်းတိုက် (မိုးကုတ်သံဝေဇနိယဓမ္မပူဇာအဖွဲ့)တွင် စက်တင်ဘာ ၃၀ ရက်(စနေနေ့)မှ အောက်တိုဘာ ၄ ရက်(ဗုဒ္ဓဟူးနေ့)အထိ (၁၂)ကြိမ်မြောက် မိုးကုတ် သံဝေဇနိယဓမ္မပူဇာ(နေ့)တရားစခန်းကို နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်သည်။

### ဆက်သွယ်နိုင်

တရားစခန်းတွင် မိုးကုတ်ဆရာတော်ကြီး၏ တရားတော်နှင့် လုပ်ငန်းစဉ်များကို တိုက်ရိုက်နာယူကျင့်ကြံအားထုတ်ကြမည်ဖြစ်ရာ ဆရာတော် ဦးဝိမလနှင့် ဆရာမ ဒေါ်အေးခိုင်(ဆုထူးပန်အဘိဓမ္မာ)တို့က တရားတော်အနှစ်ချုပ် စာစောင်များဖြန့်ဝေ၍ ကြိုတင်ပေါင်းကူး ရှင်းလင်းဆွေးနွေးပေးမည်ဖြစ်ရာ တရားစခန်းဝင်လိုသူယောဂီများ ကျောင်းတိုက် ဖုန်း-၃၈၂၂၈၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၁-၉-၂၀၀၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

**၇:၀၀** ၁။ မြဝတီအဖွင့်
**၇:၀၅** ၂။ အဖွင့်သီချင်း
**၇:၁၀** ၃။ မျိုးချစ်တပ်မတော်
**၇:၁၅** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
**၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
**၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
**၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
**၇:၅၀** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
**၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
**၈:၁၆** ၁၁။ ပြီးပါပြီ။

**ညပိုင်း**

**၄:၀၀** ၁။ မြဝတီအဖွင့်
**၄:၀၅** ၂။ အဖွင့်သီချင်း
**၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
**၄:၁၅** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
**၄:၃၅** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
**၄:၅၅** ၆။ မျိုးချစ်တပ်မတော်
**၅:၂၅** ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
**၅:၄၀** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
**၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
**၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
**၆:၂၀** ၁၁။ မိုးလေဝသသတင်း
**၆:၃၀** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၆:၃၅** ၁၃။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
**၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
**၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" (အပိုင်း-၅၈)**
**၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ **သံဃာ့ဂုဏ်ရည်မြတ်လယ်တီ - ရေးဖွဲ့သီရာ စာကဗျာ လင်္ကာ (အပိုင်း-၂)**
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဘက်မတူတဲ့ တက်လူ" (အပိုင်း-၈)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

# ဆေးဖက်ဝင် ပိစပ်ပင်

ဝတ်ရည်ဆွေ
(တိုင်းရင်းဆေးပညာဦးစီးဌာန)

ပိစပ်ပင်ကို တိုင်းရင်းဆေးသမားတော်အများစု သိရှိကြပြီး ယင်းအပင်မှာ ပေါပေါများများ အလွယ်တကူ စုဆောင်းရရှိနိုင်သော သဘာဝအလေ့ကျ ပေါက်ပင်ဖြစ်ပါသည်။ ယခုလို မိုးရာသီအချိန်မျိုးတွင် ခုတ်ယူသုံးစွဲ၍ မကုန်နိုင်အောင် ပေါများလှပါသည်။ ယခုအခါ ပိစပ်ပင်နှင့် ပတ်သက်၍ ကုသရခက်ခဲသော ရောဂါများကုသရာတွင် အသုံးပြုနိုင်ကြောင်း တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ပြောဆိုနေကြသည်ကို ကြားသိနေရပါသည်။ သို့ဖြစ်၍ စာရေးသူလက်လှမ်းမီသမျှ လေ့လာထားသော ပိစပ်ပင်၏ ကောင်းကျိုးဆိုးပြစ်များကို ဖော်ပြလိုက်ရပါသည်။

**ပိစပ်ပင်၏ ကျမ်းဝင်သိပ္ပံအမည်နှင့် အခေါ်အဝေါ်**

ပိစပ်ပင်မှာ မျိုးစိတ်အမျိုးအစားအနေဖြင့် ၁၃ မျိုးအထိ ကွဲပြားနေကြောင်း တွေ့ရပါသည်။ ဆေးဖက်တွင် အများဆုံးအသုံးပြုလျက်ရှိသည့် ပိစပ်ပင်မှာ အဓိကအမျိုးအစားအနေဖြင့် နှစ်မျိုးကွဲပြားပါသည်။ ပိစပ်နှစ်မျိုးမှာ ပိစပ်ရိုးရိုး (ပိစပ်အယဉ်)နှင့် တောပိစပ် (ပိစပ်အရိုင်း)တို့ဖြစ်ပါသည်။ ဆေးဖက်၌ အသုံးဝင်သော ရိုးရိုးပိစပ်(ပိစပ်အယဉ်)၏ ရုက္ခဗေဒအမည်မှာ Eupatorium cannabinum Linn ဖြစ်ပါသည်။ Asteraceae မျိုးရင်းတွင် ပါဝင်ပါသည်။ ၎င်းပိစပ်ပင်မှာ အရွက်ပါး၍ နူးညံ့သည်။ အပင်ငယ်၍ အရွက်မှာလက်ဝါးသဏ္ဌာန် ခွေးသွားစိတ်များရှိသည်။ ရွက်ဖျားချွန်သည်။ အပွင့်မှာ အဝါရောင်ဖြစ်သည်။ အပွင့်သည် အပင်ထိပ်ဖျား အခက်ဖျား၌ ပွင့်သည်။ စူးရှသော အနံ့ရှိသည်။ ၎င်းပိစပ်ပင်ကို အင်္ဂလိပ်ဘာသာဖြင့် Hemp Agrimony ဟု ခေါ်ဆိုပါသည်။ တောပိစပ်ပင်၏ ရုက္ခဗေဒအမည်မှာ Eupatorium odaratum Linn ဖြစ်ပါသည်။ ၎င်းပိစပ်ကို ပိစပ်ရိုင်းဟုလည်းကောင်း၊ ဆင်ပိစပ်ဟုလည်းကောင်း ခေါ်ဆိုကြသည်။ အရွက်ထူ၍ အမွေးများရှိသည်။ အပင်ခြေရင်းတွင် ပုရွက်ဆိတ်များကျက်စားတတ်သည်။ ၎င်းပိစပ်ပင်ကို မြန်မာ့တိုင်းရင်းဆေးသမားတော်များက ဂျာမနီပင်၊ ဇာမနီပင်၊ ကုန်းဗေဒါပင်ဟု အမည်ကွဲများစွာ ခေါ်ဝေါ်ကြသည်။

ပိစပ်ပင်သည် ချုံပင်၊ ပင်ပျော့ပင်ငယ်မျိုးဖြစ်ပါသည်။ အပင်၏ပုံသဏ္ဌာန်မှာ အပင်အမြင့် တစ်ပေမှ ငါးပေခန့်အထိ မြင့်ပါသည်။ မြန်မာနိုင်ငံ အနှံ့အပြားတွင် သဘာဝအလျောက် ပေါက်ရောက်တတ်သော အပင် ဖြစ်သည်။ မိုးဥတုတွင်အများဆုံးတွေ့ရှိနိုင်သော်လည်း ကျန်ရာသီဥတုများတွင်အပင်မှာခြောက်သွေ့ကာပျောက်ကွယ်သွားတတ်ပါသည်။

**ပိစပ်ပင်တွင် ပါဝင်သော ဓာတုဒြပ်ပေါင်းများ**

ပိစပ်ပင်၏ အရွက်နှင့်အပွင့်များတွင် (a white bitter alkaloid) အယ်လ်ကာလွိုက်ဒြပ်ပေါင်း ပါဝင်သည်ဟု လေ့လာသိရှိရပါသည်။

**ပိစပ်ပင်၏ အရသာမှာ ပဋ္ဌငါးပါးစလုံးပူ၍ ခါးသက်သက်ရှိပါသည်။ သို့ဖြစ်၍ မြန်မာ့တိုင်းရင်းဆေး ပညာအလိုအရ ဓာတ်ငါးပါးတွင်ပူ၍ ပွင့်သော တေဇော၊ အာကာသဦးဆောင်သောကြောင့် ပါစကတေဇောကို အားပေးသည်။ အစာကိုကြေစေသည်။ ၎င်း၏ ကြေညက်ပြီးအရသာမှာ "စပ်"သဖြင့် အစာကြေစေပါသည်။ ဝမ်းမီးကို တောက်စေသည်။ အအေးလွန်ကဲပတ်ဖွဲ့မှု (သလိပ်ဒေါသ)ကို နိုင်နင်းပါသည်။ သွေးကိုကြွစေ၊ သက်စေတတ်သည်။ ပိစပ်ပင်၏ ဂုဏ်သတ္တိ၊ အကျိုးသွား၊ အသုံးဝင်ပုံနှင့်ပတ်သက်၍ အခြေပြုဆေးအဘိဓာန် စာမျက်နှာ ၃၃၂ တွင် ပိစပ် (ဘီးဇတ်)မှာ "ဆီးရွှင်စေ၊ အန်စေတတ်၏။ လေတို့ကိုဖြိုခွဲတတ်၏။ ၎င်းအပြင် ကိုယ်ရေဝါ၊ သွေးအန်၊ သွေးကျ၊ အနာပျက်၊ ရောင်တင်းခြင်းတို့၌ကောင်း၏။" ပိစပ်(တောဘီးဇတ်)မှာမူ "အမြစ်နှင့် အရွက်သည် အန်ဆေး၊ ဆီးဆေး၊ အမြစ်သည် ရာသီပေါ်ဆေး၊ ဝမ်းသက်ဆေးတို့၌ ကောင်း၏"**ဟု ဖော်ပြထားပါသည်။

**ပိစပ်ပင်ဆေးအသုံး**

မြန်မာ့တိုင်းရင်းဆေးကျမ်းများအဆိုအရ ပိစပ်ရွက်သည်သလိပ်ကို ကြေစေရွှင်စေသည်။ ပိစပ်ပင် အရိုင်းနှင့်အယဉ်နှစ်မျိုးလုံး ဆေးဖက်ဝင်ပါသည်။ ပိစပ်ရွက်ကို တစ်မျိုးတည်း အစိမ်းအတိုင်းစားပါက အော့အန်စေတတ်ပါသည်။ ပိစပ်ရွက်သည် ခန္ဓာကိုယ်တွင်းရှိ အညစ်အကြေးများကို ဖယ်ထုတ်ပေးနိုင်သော အစွမ်းသတ္တိရှိပါသည်။ အမျိုးသမီးများ၏ ငုပ်နေ၊ ထိမ်နေသည့် မီးယပ်သွေးကို သက်စေ၊ ပေါ်စေတတ်ပါသည်။ ထို့ပြင် တုတ်နှင့်သန်ကျစေသော အာနိသင်ရှိကြောင်း ဖော်ပြထားပါသည်။

မြန်မာ့ဆေးကျမ်းများအဆိုအရ ပိစပ်ရွက်ကို ရိုးကိုက်ဖျားခေါ် ကြွက်သားရိုးဆက်များ နာကျင်ကိုက်ခဲ၍ ဖျားနာခြင်းကို ကုသရာတွင် အသုံးပြုကြသည်။ ပိစပ်ရွက်သည် ဆီးရွှင်စေ၍ ချွေးကိုထွက်စေပါသည်။ အညစ်အကြေးမလတို့ကို ပြိုကွဲစေတတ်ပါသည်။ တိုင်းရင်းဆေးကောင်းစီဝင် သမားတော်ကြီးများကမူ ပိစပ်ပင်အား အစာမကြေ ဝမ်းရောဂါကို ကုသရာတွင် အသုံးပြုနိုင်ကြောင်း၊ ပိုသုံးပါက ဝမ်းကို သက်စေကြောင်း ပြောကြားကြပါသည်။

နိုင်ငံတကာ စာပေနှင့် အင်တာနက် ဝက်ဘ်ဆိုက်များတွင် Eupatorium cannabinum Linn ခေါ် ပိစပ်အယဉ်မျိုးကို ဆီးဆေး Diuretic အဖြစ်လည်းကောင်း၊ ဝမ်းသက်ဆေး (Purgative) အဖြစ်လည်းကောင်း အသုံးပြုကြကြောင်း လေ့လာသိရှိရပါသည်။ Eupato-



ပိစပ်ပင် (Eupatorium cannabinum Linn.)

rium odaratum Linn ခေါ်ပိစပ်အရိုင်းမျိုးကိုမူ အရွက်သတ္တုရည်နှင့် ဆား ပေါင်းစပ်၍ အဆိပ် poison အဖြစ်လည်းကောင်း၊ သတ္တုရည်ကို ဂနိရောဂါ အတွက် ပြင်ပဆေးရည် (External use)အဖြစ်လည်းကောင်း၊ အပင်ကို ငါးအဆိပ်သင့်စေသည့် (Fish-poison)ခေါ် ငါးအဆိပ်ဆေး၊ အဆိပ်ပင် အဖြစ် လည်းကောင်း အသုံးပြုကြကြောင်း သိရှိရပါသည်။

နိုင်ငံတကာ စာပေအထောက်အထားများအရပိစပ်မျိုးရင်းအုပ်စုဝင် အပင်များသည် အဆိပ်ပြင်း အာနိသင်ရှိသောအပင်များ °poisonous° plants ဖြစ်ကြောင်း၊ ၎င်းပိစပ်တွင် အသည်းကိုပျက်စီး၍ ဘေးအန္တရာယ် ဖြစ်စေတတ်သော Toxic compounds များပါဝင်နေကြောင်း " They are very poisonous plants. Species of Eupatorium have been used in folk medicine, for instance to excrete excess uric acid which causes gout, but they also contain toxic compounds that can cause liver damage" ဟု °Eupatorium-Wikipedia,the free encyclopedia၌ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ပိစပ်ရွက်၏ ထူးခြားအစွမ်းထက်လှသော အာနိသင်တစ်ခုမှာ အနာမှန်သမျှ အသုံးပြုနိုင်ခြင်းပင်ဖြစ်ပါသည်။ အနာအမျိုးမျိုးအတွက် (ထိခိုက်ရှနာအပါအဝင်) ကုသနိုင်သော အစွမ်းထက်ဆေးတစ်လက်အဖြစ် ပိစပ်အရိုင်း(တောပိစပ်)ကို အသုံးပြုရပါသည်။ ဆေးရည်ဖော်စပ်ရာတွင် ပိစပ်ရိုင်း(ဝါ)တောပိစပ် ၅၀ ကျပ်သားကို ရေစင်အောင်ဆေးထားရပါသည်။ ပြီးပါက ခုတ်စဉ်းပြီး အရက်ဦးရည်(သို့မဟုတ်) အရက်ပျံ ၁၀၀၀ စီစီတွင် နှစ်ညသိပ် သုံးရက်စိမ်ထားရန် လိုအပ်ပါသည်။ အဆိုပါဆေးရည်ကို မကြာခဏထည့်ပေး၊ လိမ်းပေးခြင်းဖြင့် ဖော်ပြခဲ့သောထိခိုက်ရှနာ၊ ဒဏ်နာ၊ အဆစ်အမြစ် ကိုက်ခဲနာကျင်ခြင်း၊ ကျိုးပေါင်းတက်ခြင်း၊ အဖော၊ အရောင်၊ အိပ်ရာနာ (Bed sores) များနှင့် အပူလောင်မီးလောင်၊ အနာဆွေး အနာအိုများ (Wounds, Burns & Ulcers) ကို သက်သာပျောက်ကင်းနိုင်သော အာနိသင်ရှိပါသည်။ အရေးပေါ်အသုံးပြုလိုပါက ပိစပ်ရွက်သတ္တုရည်(အရွက်ကိုရေစင်အောင်ဆေး၍ ထောင်းထုကြိတ်ညှစ်ပြီး စစ်ယူထားသောအရည်)ကို အနာများတွင် အနာကျက်ဆေးအဖြစ်ထည့်ပေးနိုင်ပါသည်။ အမှန်တကယ်သုံးကြည့်ပါက ( Injuries & Cuts) ထိခိုက်ရှနာအတွက် ထိရောက်၍ အစွမ်းထက်အာနိသင်ရှိကြောင်း တွေ့ကြရမည်ဖြစ်ပါသည်။

**ပိစပ်ပင်ကို သောက်ဆေး oral use အဖြစ် တိုက်ကျွေးအသုံးပြုပါက တောက်စေ၊ အန်စေတတ်သဖြင့် အစိမ်းစားခြင်း၊ သတ္တုရည်တိုက်ကျွေးခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။ သို့သော် ပိစပ်ရွက် (အရိုင်းရောအယဉ်ပါ) အနာများအတွက် အစွမ်းထက်၍ နှစ်မျိုးစလုံး သုံးနိုင်ပါသည်။ ပိစပ်ရွက်သည် အနာများကို ကျက်စေနိုင်ပါသည်။ အနာကျက်စေရုံသာမကဘဲအနာများကို အသားနုလည်းတက်စေနိုင်ပါသည်။ အနာမှ ပြည်မြစ်များကိုလည်း စုပ်ယူဆွဲထုတ်ပေးနိုင်သော အာနိသင်ရှိပါသည်။ မြန်မာတိုင်းရင်းဆေး သမားတော်များမှာမူ ပိစပ်ရွက်၏ပူခါးစပ်အရသာအပြင် ထူးခြားလှသော ဂုဏ်သတ္တိများကြောင့် ထိခိုက်ရှနာများနှင့် အနာပေါက်ရောဂါများကုသဆေးအဖြစ် အသုံးပြုလေ့ရှိပါသည်။ ထို့မှုမက အနာကြောင့် ရောင်ရမ်းပြီးမန်းဝင်ခြင်းကို သက်သာစေနိုင်၍မန်းဆေး (Anti-septic) အဖြစ်ထိရောက်စွာ အသုံးပြုနိုင်ပါသည်။ သို့ဖြစ်၍ ထိခိုက် ရှနာ၊ဒဏ်နာထည့်ဆေးရည်အဖြစ်အသုံးပြုခြင်းသည်သာအသင့်တော်ဆုံးဖြစ်ပါသည်။**

**သတိပြုစေချင်ပိစပ်ပင်**

ပိစပ်ပင်သည် တစ်မည်ချင်းသုံးရာတွင် ထက်မြက်သဖြင့် မြစ်ချင်းပြီးဆေးပင် (Single Plant Therapy)အဖြစ်အသုံးပြုကြကြောင်း တွေ့ရပါသည်။ ပိစပ်ပင်နှင့် ပတ်သက်၍ အသည်းရောဂါ၊ ကင်ဆာရောဂါအမျိုးမျိုးနှင့် AIDS ရောဂါများကုသရာတွင် သက်သာပျောက်ကင်းကြောင်း စနစ်တကျသုတေသနပြုလုပ်ထားခြင်းမရှိသေးပါ။ စာပေကျမ်းဂန်အထောက်အထားများလည်း မတွေ့ရှိပါ။ သို့ရာတွင် အချို့ရောဂါများတွင်မူ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းအနေဖြင့် ပိစပ်ပင်အား အသုံးပြုကုသမှုများရှိပါသည်။ သက်သာပျောက်ကင်းမှုများကိုလည်း ကြားသိရပါသည်။ မြန်မာ့ တိုင်းရင်းဆေးသမားတော်အများစုကလည်း ပိစပ်ပင်ကို တစ်မျိုးတည်း တိုက်ကျွေး ကုသအသုံးပြုမှု မရှိသလောက် နည်းပါးကြောင်း၊ ထိခိုက်ရှနာနှင့် အကျိတ်အဖုအနာများတွင် အနာထည့်ဆေး၊ လိမ်းဆေးအဖြစ်အသုံးများကြောင်း၊ သောက်ဆေးအဖြစ် ရေရှည်သုံးစွဲရန် မသင့်တော်ကြောင်း ပြောကြားကြပါသည်။ **မြန်မာစကားပုံတွင် "တန်ဆေး လွန်ဘေး"ဟူ၍ရှိပါသည်။ မည်သည့်အစာ၊ မည်သည့်ဆေးမဆို သင့်တော်ရုံ သုံးစွဲပါက ဆေးဝါးဖြစ်စေနိုင်သော်လည်း အလွန်အကဲသုံးစွဲ စားသောက်ပါက ဘေးဒုက္ခ ရောက်စေနိုင်ပါသည်။ ဆေးပင်ဖြစ်စေ၊ ဆေးဝါးဖြစ်စေ သုံးစွဲရာ၌ အရေးပါသောအချက်မှာ အချိန်အတွယ်ပမာဏ တိကျမှုပင်ဖြစ်ပါသည်။ "အတိုင်းအဆပမာဏ အတိအကျမသုံးစွဲပါက ဆေးသည်ဘေးဖြစ်စေနိုင်ပါသည်။ အတိုင်းအဆအတိအကျသုံးစွဲပါကအဆိပ်ကိုပင်ဆေးအဖြစ် အသုံးပြုနိုင်ပါသည်။"** အစားအစာများနည်းတူ မည်သည့်တိုင်းရင်းဆေး၊ အနောက်တိုင်းဆေးမဆို သုံးစွဲသင့်သည့် ပမာဏထက်ပိုလွန်၍ အသုံးပြုပါက အသက်အန္တရာယ်ပင် ထိခိုက်စေနိုင်မည်ဖြစ်ပါသည်။ တိုင်းရင်းဆေးနယ်ပယ်တွင် အချိန်ကာလ၊ နေထိုင်ရာဒေသ၊ လူနာ၏အသက်အရွယ်၊ အပိန်အဝ၊ ဝမ်းမီး၊ ခံနိုင်ရည်ရှိမှု၊ ဖောက်ပြန်သော ဒေါသ စသည်တို့ကို သုံးသပ်ပြီးမှ ဆေးပေးဆေးကု ပြုလုပ်လေ့ရှိပါသည်။ ဆေးပင်တစ်မျိုးတည်းဖြင့် ရောဂါစုံပျောက်ကင်းအောင် ကုသနိုင်

ပိစပ်ပင်(တောပိစပ်) (Eupatorium odaratum Linn.)

ခြင်းမရှိပါ။ တိုင်းရင်းဆေးသမားတော်များအနေဖြင့် ယခုတင်ပြသော ပိစပ်ပင်ကိုလည်း တစ်မျိုးတည်းတိုက်ကျွေး အသုံးပြုခြင်းမှ ရှောင်ကြဉ်ကြပါသည်။ ပြင်ပလိမ်းဆေး၊ အနာကျက်ဆေးအဖြစ်သာ အသုံးပြုကြပါသည်။ သို့ဖြစ်၍ ပိစပ်ပင်သာမက မည်သည့်ဆေးပင်၊ ဆေးဝါးမဆို အများသူငါ ပြောရုံမျှဖြင့် သုံးစွဲခြင်းမပြုဘဲ ဆေးပင်ကို တစ်မျိုးတည်းသုံးစွဲမည်ဆိုပါက တတ်ကျွမ်းနားလည်သော တိုင်းရင်းဆေးသမားတော်များနှင့် တိုင်ပင်သုံးစွဲသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ဆိုမာလီနိုင်ငံ ဘာဒိုအာမြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို စက်တင်ဘာ ၁၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# စိုက်ပျိုးရေးလုပ်ငန်း ခေတ်မီအောင် ဆောင်ရွက်ရန် တရုတ်ဒုတိယဝန်ကြီးချုပ် တိုက်တွန်း

**ပေကျင်း စက်တင်ဘာ ၁၉**

အမျိုးသားစီမံကိန်းအရ ကျေးလက်ဒေသ တည်ဆောက်ရာတွင် စိုက်ပျိုးရေးလုပ်ငန်းကို ခေတ်မီအောင် ဆောင်ရွက်ခြင်းသည် ဦးစားပေး လုပ်ငန်းဖြစ်ပြီး ယင်းလုပ်ငန်းကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် ဟွေလျန်ယုက ပြောကြားသည်ဟု ဆင်ဟွာ သတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

စိုက်ပျိုးရေးထွက်ကုန် ပိုမိုထုတ်လုပ်ရေးနှင့်တောင်သူများ ဝင်ငွေတိုးတက်ရရှိရေးတို့အတွက် ခေတ်မီစိုက်ပျိုးရေးလုပ်ငန်းသည်အဓိကကျကြောင်းဟွေကလွန်ခဲ့သည့် ရက်သတ္တပတ်တွင် တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်တုံပြည်နယ်သို့ ရောက်ရှိစဉ် ပြောကြားသည်။

စိုက်ပျိုးရေးလုပ်ငန်းကို ခေတ်မီအောင် ဆောင်ရွက်ရေး၊ စိုက်ပျိုးထုတ်လုပ်မှု နည်းစနစ်များကို ခေတ်မီပြောင်းလဲရေး၊ စိုက်ပျိုးရေးထွက်ကုန်အမျိုးမျိုးပြောင်းလဲထုတ်လုပ်ရေးနှင့် ထွက်ကုန်အရည်အသွေး မြှင့်တင်ရေးတို့အတွက် တက်ကြွစွာကြိုးပမ်းဆောင်ရွက်ကြရန် ၎င်းက တိုက်တွန်းသည်။

ရှန်တုံပြည်နယ်၌ စိုက်ပျိုးရေးလုပ်ငန်း မူဘောင်ကို ညှိနှိုင်းပေးရေး၊ စိုက်ပျိုးရေးထွက်ကုန်ထုတ်လုပ်မှုမြှင့်တင်ပေးရေးနှင့် တောင်သူများဝင်ငွေ တိုးတက်ရရှိရေးတို့အတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုကို အသိအမှတ်ပြုကြောင်း ၎င်းက ပြောကြားသည်။

တောင်သူများအတွက် အကျိုးရှိစေမည့် မူဝါဒများ၊ စိုက်ပျိုးရေးလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမှုပမာဏ မြင့်မားလာရေး အစီအစဉ်များ၊ စိုက်ပျိုးရေးလုပ်ငန်း ခေတ်မီလာစေရေးအတွက် သိပ္ပံနည်းကျလေ့လာရေး အစီအစဉ်တို့ကို ဆောင်ရွက်ကြရန် ၎င်းက တိုက်တွန်းသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# ကားတစ်စီး တောင်ပေါ်မှကျ သတို့သားအပါအဝင် ငါးဦးသေဆုံး

**မနာဂွာ စက်တင်ဘာ ၁၉**

နီကာရာဂွာနိုင်ငံ မြောက်ပိုင်း မဂ်လာဆောင်မှ ဧည့်သည်များကို တင်ဆောင်လာသော ကားတစ်စီးသည် တောင်စောင်းမှ ပြုတ်ကျခဲ့သဖြင့် အနည်းဆုံး လူငါးဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိသွားကြောင်း စက်တင်ဘာ ၁၇ ရက်က ထွက်ပေါ်လာသောသတင်းက ဖော်ပြသည်။

အခင်းဖြစ်ပွားမှုတွင်အသက်(၃၅)နှစ်အရွယ်ရှိ သတို့သား ဂီရာဒိုဂိုဒင်ဇ်အိုဘန်ဒိုမှာ သေဆုံးသွားရပြီး အသက်(၂၆)နှစ်ရှိ သတို့သမီး ဂျိုဟာနာအော်လီဗာ့စ်မင်ဒစ်မှာ ဒဏ်ရာရရှိသွားသည်ဟု ရဲတပ်ဖွဲ့မှ ပြောကြားသည်။ အဆိုပါမော်တော်ယာဉ်ကို သတို့သား ကိုယ်တိုင်မောင်းလာခြင်းဖြစ်သည်။

ကုန်အလေးချိန် ပိုမိုတင်ဆောင်လာစဉ် ကားကိုယာဉ်မောင်းက လမ်းကွေ့၌ မထိန်းနိုင်တော့သဖြင့် ယင်းသို့ ဖြစ်ရခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# ဟင်းသီးဟင်းရွက်စားသူများ အာဟာရဓာတ်ကြွယ်ဝစွာရရှိ

**နယူးယောက် စက်တင်ဘာ ၁၉**

ဟင်းသီးဟင်းရွက် အသုပ်စားသူများသို့မဟုတ် ဟင်းသီးဟင်းရွက်အစိမ်းစားသုံးသူများတွင် အရေးပါသည့် အာဟာရဓာတ်များရရှိကာ သွေးအားကောင်းလာကြောင်း အမေရိကန်လူကြီးများကို လေ့လာသုံးသပ်ထားသော စစ်တမ်းတစ်ရပ်အရ သိရှိရသည်။

**လေ့လာတွေ့ရှိ**

ဟင်းသီးဟင်းရွက်အစိမ်း နေ့စဉ်စားသုံးသူတစ်ဦးအနေဖြင့် သတ်မှတ်ထားသည့် ဗီတာမင်အေ၊ ဗီတာမင်အီး၊ ဘီ၆နှင့် ဖောလစ်အက်စစ် ပမာဏတို့ ရရှိနိုင်သည်ဟု သုတေသီများက လေ့လာတွေ့ရှိထားသည်။ ဟင်းသီးဟင်းရွက် အသုပ်စားမှုနှင့် ဟင်းသီးဟင်းရွက် အစိမ်းစားသုံးမှု ပမာဏများပြားလာပါက ဗီတာမင်စီ၊ အီး၊ ဖောလစ်အက်စစ်နှင့်အခြားကယ်လိုရင်းဓာတ်များရရှိကာ သွေးအားကောင်းမွန်လာသည်ဟု ဆိုသည်။

သို့ရာတွင် အမေရိကန်အနည်းစုသာ ဟင်းသီးဟင်းရွက်များကို အစိမ်းစားသုံးကြသည်ဟု နယူးအော်လင်းရှိ လူဝီစီယားနားတက္ကသိုလ် ကျန်းမာရေးသိပ္ပံဌာနမှ ဒေါက်တာဂျိုးဇက်ဆူဦးဆောင်သည့်သုတေသီများက ပြောကြားသည်။

အမေရိကန်လူကြီး ၁၈၀၀၀ နီးပါးကို လေ့လာကြည့်ရာ ၁၈ ရာနှုန်းမှ ၃၈ ရာနှုန်းက ဟင်းသီးဟင်းရွက် အသုပ်များစားကြောင်း၊ အသက် ၄၅ နှစ်အောက် လူဖြူအမျိုးသမီးများက ယင်းအသုပ်ကို ပိုမိုစားသုံးကြပြီး လူမည်းအမျိုးသမီးများက အနည်းဆုံးစားသုံးကြသည်ကို တွေ့ရသည်ဟု ဆိုသည်။

ယေဘုယျအားဖြင့် လူမည်းလူကြီးများက လူဖြူလူကြီးများကဲ့သို့ ဟင်းသီးဟင်းရွက် အများအပြားမစားသုံးကြဟု ၎င်းသုတေသီ များက အမေရိကန် အာဟာရဆိုင်ရာ ဂျာနယ်တစ်စောင်တွင် ရေးသားထားသည်။

***အမ်အင်အေ၊ ရိုက်တာ။***

ရေလှိုင်းလုံးတစ်လုံးပေါ်တွင် လူ ၇၃ ဦး ရေလွှာလျှောစီးပြီး လူအများဆုံး ပါဝင်လှိုင်းစီးမှု မှတ်တမ်းတင်ရန် ကြိုးပမ်းနေကြ သူများအား တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့ မူစင်ဘတ်ဂ်ပင်လယ်ကမ်းခြေ၌ စက်တင်ဘာ ၁၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# မက္ကဆီကိုနိုင်ငံ၌ လာနီမုန်တိုင်းတိုက်ခတ်

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၁၉**

လာနီအမည်ရှိဟာရီကိန်းမုန်တိုင်းသည် စက်တင်ဘာ ၁၆ ရက်က မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ဆီနာလိုယာပြည်နယ်ကုန်းတွင်းပိုင်းသို့ ဝင်ရောက်လာရာ လူတစ်ဦး သေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်းနှင့် စက်တင်ဘာ ၁၇ရက်က သင်္ဘောဆိပ်၊ လေယာဉ်ကွင်းနှင့် ဘတ်စ်ကားဂိတ်များကို ပိတ်ထားလိုက်ရကြောင်း သတင်းတစ်ရပ်တွင်ရေးသားဖော်ပြသည်။

**မုန်တိုင်းကျရောက်**

ဆီနာလိုယာပြည်နယ်အလယ်ပိုင်းနှင့် တောင်ပိုင်းတွင် လာနီမုန်တိုင်းကျရောက်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ပျက်စီးမှု အများအပြားရှိကြောင်း၊ ယင်းဒေသမှပြည်သူ ၃၀၀၀ ကျော်ကို တပ်ဖွဲ့ဝင်များက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သတင်းတွင်ဖော်ပြထားသည်။

ရွာရာပေါင်းများစွာ ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက်ခဲ့ရကြောင်း၊ အိမ်ရာပေါင်းများစွာ ရေလွှမ်းသွားပြီးသောက်သုံးရေနှင့် လျှပ်စစ်ဓာတ်အားများပြတ်တောက်မှု ဖြစ်ခဲ့ရကြောင်း အရပ်ဘက်ဘေးအန္တရာယ် ကာကွယ်ရေး အာဏာပိုင်များကလည်း အရေးပေါ်အခြေအနေ ထုတ်ပြန်ထားကြောင်း ဖော်ပြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# အီရတ်၌ ပြည်တွင်းစစ် ဖြစ်နိုင်ဖွယ်ရှိဟု ကိုဖီအာနန် ပြောကြား

**ဘဂ္ဂဒက် စက်တင်ဘာ ၁၉**

အီရတ် ပြောက်ကျားများသည် ဗုံးဖောက်ခွဲ တိုက်ခိုက်မှုများ နောက်ထပ် ပြုလုပ်ခဲ့သဖြင့် လူ ၃၀ ကျော် သေဆုံးလျက်ရှိရာ အီရတ်နိုင်ငံသည် ပြည်တွင်းစစ်ဖြစ်နိုင်ဖွယ် အန္တရာယ်ရှိနေပြီဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က တနင်္လာနေ့တွင် ပြောကြားသည်။

**ပြောကြား**

အီရတ်နိုင်ငံတွင် လက်ရှိပုံစံ အကြမ်းဖက်တိုက်ခိုက်မှုများ အချိန်ကြာမြင့်သည်အထိ ဆက်လက်ပေါ်ပေါက်နေပါက အီရတ်နိုင်ငံသည် ပြိုကွဲသွားနိုင်ပြီး ပြည်တွင်းစစ် လုံးလုံးလျားလျား ဖြစ်သွားနိုင်သည့် အန္တရာယ်ရှိနိုင်သည်ဟု ကိုဖီအာနန်က အီရတ်ဆိုင်ရာ အကူအညီပေးရေး ညီလာခံဖွင့်ပွဲတွင် ပြောကြားသည်။

အယ်လ်ခိုင်ဒါ ကွန်ရက်နှင့် အခြားဆွန်နီ စစ်သွေးကြွအုပ်စုများက ရှီးယိုက်ဦးဆောင်အစိုးရကို တိုက်ခိုက်မှုများ တိုးမြှင့်ပြုလုပ်ရန် မျှော်လင့်သည့်အနေဖြင့် အမေရိကန်နှင့် အီရတ် တာဝန်ရှိပုဂ္ဂိုလ်များက ကားဗုံးဖောက်မည့်သူများ မဝင်ရောက်စေရန် စစ်ဆေးရေးဂိတ်များနှင့် ကတုတ်ကျင်းများ၏ ဝင်ပေါက်များကို ပိတ်ဆို့ထားခြင်းဖြင့် ဘဂ္ဂဒက်မြို့တော်အား ကာကွယ်သည့်အစီအစဉ်များ ပြုလုပ်နေခြင်းကို ကိုဖီအာနန်က ထောက်ခံပြောကြားသည်။

မည်သို့ပင် ဖြစ်စေကာမူ ဗုံးဖောက်ခွဲသူများနှင့် သေနတ်သမားများက မြို့တော်၏ မြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသတို့တွင် လူများသေကျေ ပျက်စီးစေသည်အထိ လွန်ခဲ့သည့် နှစ်ရက်အထိ ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ကြသည်။

**အကူအညီပေး**

အီရတ်နိုင်ငံကို ပြည်တွင်းစစ်ဖြစ်မည့် အန္တရာယ်စက်ကွင်းမှ လွတ်ကင်းရေးအတွက်နိုင်ငံဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာအဆင့်ဖြင့် အီရတ်နိုင်ငံအား အကူအညီပေးသည့် လုပ်ငန်းအပေါ် ကျယ်ပြန့်စွာ ထောက်ခံရေးသည် အမြန်ဆုံး ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်ဟု ကိုဖီအာနန်က ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အင်ဒိုနီးရှားနိုင်ငံ ပါပူးဝါးပြည်နယ် ပင်လယ်ပြင်၌ တွေ့ရှိရသော ငါးမျိုးစိတ်သစ်တစ်မျိုးကို စက်တင်ဘာ ၁၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# မလက္ကာရေလက်ကြား လုံခြုံရေးပူးပေါင်းဆောင်ရွက်ရန် အခြေခံမူ မလေးရှားထပ်လောင်းပြောကြား

ကွာလာလမ်ပူ စက်တင်ဘာ ၁၉

**မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နာဂျစ်တွန်ရာဇတ်သည် မလက္ကာရေလက်ကြား လုံခြုံရေးနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှု ဆောင်ကြဉ်းရေးအတွက် ပင်လယ်ကမ်းခြေအနီး နိုင်ငံများက ချမှတ်သည့် အခြေခံမူကို တနင်္လာနေ့တွင် ထပ်လောင်းပြောကြားလိုက်သည်။**

ရေကြောင်းလုံခြုံမှု ရှိစေရေးအတွက် ကုမ္ပဏီများနှင့် မလက္ကာရေလက်ကြား အသုံးပြုသူများသည် ပင်လယ်ကမ်းခြေအနီး နိုင်ငံများနှင့်အတူတကွ လက်တွဲ လုပ်ဆောင်သည့်အခါ ၎င်းတို့အနေဖြင့် မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့၏ပိုင်နက် တည်တံ့ခိုင်မြဲမှုနှင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးလည်းဖြစ်သူ နာဂျစ်က ပြောကြားသည်။

မလက္ကာရေလက်ကြားကာကွယ်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ရည်ရွယ်ချက်အတွက် ကုမ္ပဏီများနှင့် အသုံးပြုသူများက ပင်လယ်ကမ်းခြေအနီး နိုင်ငံများနှင့်အတူ ပါဝင်ဆောင်ရွက်ရန် အရေးကြီးကြောင်း လုပ်ငန်းဆောင်ရွက်ရာတွင် ယင်းနိုင်ငံများ၏ပိုင်နက် တည်တံ့ခိုင်မြဲမှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း မလက္ကာရေလက်ကြား လုံခြုံရေးအစည်းအဝေး ဖွင့်ပွဲ အခမ်းအနားတွင် နာဂျစ်က ပြောကြားသည်။

သုံးရက်ကြာကျင်းပသည့် အစည်းအဝေးကို အပြည်ပြည်ဆိုင်ရာ ရေကြောင်းသွားလာရေးအဖွဲ့နှင့် မလေးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနတို့က ပူးတွဲစီစဉ်ခဲ့ခြင်းဖြစ်သည်။ မလေးရှား၊ အင်ဒိုနီးရှားနှင့်စင်ကာပူနိုင်ငံတို့အပြင် တရုတ်၊ တောင်ကိုရီးယားနှင့် အမေရိကန်တို့အပါအဝင် ရေကြောင်းလမ်း အသုံးပြုသည့် နိုင်ငံပေါင်း ၂၀ နီးပါးနှင့်နိုင်ငံတကာအဖွဲ့အစည်း ၁၀ခုကျော်က ကိုယ်စားလှယ်များ စေလွှတ်ခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**ဖိလစ်ပိုင်နိုင်ငံ ဂူမာရပ်စ်ကျွန်း၌ ရေနံယိုဖိတ်မှုကြောင့်သဘာဝပတ်ဝန်းကျင်ညစ်ညမ်းလျက်ရှိရာ သဲအိတ်များချပြီး သန့်ရှင်းရေးဆောင်ရွက်နေသည်ကို စက်တင်ဘာ ၁၉ရက်က တွေ့ရစဉ်။***(ဓာတ်ပုံ-အင်တာနက်)*

# သံမဏိစက်ရုံ တည်ဆောက်ရေး ဗီယက်နမ်အစိုးရ လေ့လာလျက်ရှိ

**ဟန္နွိုင်း စက်တင်ဘာ ၁၉**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ဟာတင်ပြည်နယ်တွင် သံမဏိထုတ်လုပ်ရေးစက်ရုံတစ်ရုံ တည်ဆောက်နိုင်ရေးနှင့် ပတ်သက်၍ အစိုးရကလေ့လာလျက် ရှိကြောင်း ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုသုံးသပ်ချက်အမည်ရှိ သတင်းစာက တနင်္လာနေ့တွင် ရေးသားတင်ပြသည်။

ဗီယက်နမ်နိုင်ငံ၏သံမဏိထုတ်လုပ်ရေးစက်ရုံစီမံကိန်းတွင် ပြည်တွင်းကုမ္ပဏီများက ရင်းနှီးမြှုပ်နှံနိုင်ခြင်းမရှိပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအနေဖြင့် နိုင်ငံသားပိုင် ကုမ္ပဏီတစ်ခုထူထောင်လုပ်ကိုင်ဆောင်ရွက်ခွင့်ပေးရန် အစိုးရအဖွဲ့ကမကြာသေးမီကညွှန်ကြားခဲ့သည်။ ဗီယက်နမ်နိုင်ငံရှိ သက်ချ်စီသံရိုင်းသိုက်တည်ရှိရာနေရာ အနီးတွင် တစ်နှစ်လျှင် သံမဏိတန်ချိန် ၄ ဒသမ ၅ သန်းထုတ်လုပ်နိုင်မည့်စက်ရုံတစ်ရုံတည်ဆောက်ရန် ရင်းနှီးမြှုပ်နှံမှု လိုအပ်လျက်ရှိသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# ပါလက်စတိုင်းအကျဉ်းသားများ ပိုမိုလွှတ်ပေးမည်ဟု မူဘာရက်ပြောကြား

**ကိုင်ရို စက်တင်ဘာ ၁၉**

အစ္စရေးက အဖမ်းခံထားရသည့် အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦးနှင့် အလဲအလှယ် ပြုလုပ်သည့်အနေဖြင့် ၎င်းတို့ ဖမ်းထားသည့် ပါလက်စတိုင်း အကျဉ်းသားများကို မျှော်မှန်းထားသည်ထက် ပိုမိုလွှတ်ပေးရန် အဆင်သင့်ရှိသည်ကို အစ္စရေးကပြသနေသည်ဟု အီဂျစ်သမ္မတ မူဘာရက်က ပြောကြားကြောင်း မီနာသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

**ပြောကြား**

သမ္မတ မူဘာရက်က ဆော်ဒီအာရေဗျ နိုင်ငံသို့ အလည်အပတ်သွားခဲ့ပြီးနောက် ကိုင်ရိုမြို့တော်သို့ တနင်္ဂနွေနေ့က အပြန်ခရီးတွင် အီဂျစ်မီဒီယာသတင်းဌာနများသို့ ဖော်ပြပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အစ္စရေးက ပြန်လွှတ်မည့် ပါလက်စတိုင်း အကျဉ်းသားဦးရေ အတိအကျကို မူဘာရက်က ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ သို့ရာတွင် အဖမ်းခံထားရသည့် အစ္စရေးတပ်ဖွဲ့ဝင် ဂျီလက်ရှလစ် လွှတ်မြောက်ရေး အဆုံးသတ်စေရန် အီဂျစ်က ဆက်သွယ်မှုများ ပြုလုပ်နေသည်ဟု မူဘာရက်က ဆက်လက်ပြောကြားသည်။

၎င်းတပ်ဖွဲ့ဝင်နှင့် ပါလက်စတိုင်း အကျဉ်းသားများ လဲလှယ်ရေးအစီအစဉ်ကို ယခုအခါ ဆောင်ရွက်နေဆဲဖြစ်ပြီး ရှလစ်နှင့် အစ္စရေးတို့ ဖမ်းဆီးထားသော ပါလက်စတိုင်း အကျဉ်းသားများ ဖလှယ်မည်ဖြစ်သည်ဟု မူဘာရက်က ပြောကြားသည်။ ၎င်းအစ္စရေးတပ်ဖွဲ့ဝင် ရှလစ်ကို ၎င်းလွှတ်မြောက်ရေးအတွက် ညှိနှိုင်း ဆွေးနွေးသည့် အစီအစဉ်တစ်ရပ်အရ ကိုင်ရိုမြို့သို့ ရွှေ့ပြောင်းပေးခဲ့သည့် ကောလာဟလသတင်းသည် မဟုတ်မမှန်ကြောင်း မူဘာရက်က ငြင်းဆို ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ထိုင်း၌အာဏာသိမ်းမှုဖြစ်ပွား၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးကောင်စီဖွဲ့စည်း

ဗန်ကောက် စက်တင်ဘာ ၂၀

**ထိုင်းနိုင်ငံ အိမ်စောင့်အစိုးရလက်ဝယ်မှအာဏာကို ထိုင်းစစ်ဘက်နှင့် ရဲတပ်ဖွဲ့များက စက်တင်ဘာ ၁၉ ရက် နှောင်းပိုင်းက သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာသွားသည်။**

ထိုင်းတပ်ဖွဲ့များသည် အင်္ဂါနေ့ ည ၁၀ နာရီခွဲခန့်တွင် ထိုင်းနိုင်ငံရုပ်မြင်သံကြားအသံလွှင့်ရုံကို သိမ်းပိုက်ခဲ့ကြသည်။ ထို့နောက် မိနစ် ၃၀ ခန့်အကြာတွင် အာဏာသိမ်းပိုက်ပြီးဖြစ်ကြောင်း ရုပ်မြင်သံကြားမှ ကြေညာသွားကာ ပြည်သူများ ပူးပေါင်း ပါဝင်ကြရန်လည်း ပန်ကြားခဲ့သည်။

တင့်ကားများနှင့် တပ်ဖွဲ့ဝင်များသည် အစိုးရအိမ်တော်ကို သိမ်းပိုက်လိုက်ကြပြီး အသွားအလာလမ်းများကို ပိတ်ထားခဲ့ကြသည်။

အာဏာသိမ်းပိုက်လိုက်သောအဖွဲ့တွင် ကြည်း၊ရေ၊လေ တပ်ဖွဲ့များ၏ စစ်ဦးစီးချုပ်များအပြင် ရဲတပ်ဖွဲ့မှ အကြီးအကဲလည်းပါဝင်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် အိမ်စောင့်အစိုးရ ဝန်ကြီးချုပ် မစ္စတာသက်ဆင်သည် ကုလသမဂ္ဂ အထွေထွေညီလာခံ တက်ရောက်ရန် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ရောက်ရှိနေသည်။

အာဏာသိမ်းမှုမှာ သွေးထွက်သံယိုမှု မရှိဘဲ အောင်မြင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ထိုင်းဝန်ကြီးချုပ်က အမေရိကန်မှတစ်ဆင့် ရုပ်သံချယ်နယ်(၉)ကို အသုံးပြုပြီး နိုင်ငံကိုအရေးပေါ်အခြေအနေကြေညာကြောင်း မိန့်ခွန်း ပြောကြားခဲ့သေးသော်လည်း မိန့်ခွန်းမဆုံးမီ ဖြတ်တောက်ခြင်း ခံခဲ့ရသည်ဟု သတင်းက ဆိုသည်။

ထပ်မံရရှိသော သတင်းအရ စစ်ဘက်အာဏာသိမ်းအဖွဲ့သည်အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးကောင်စီ(အေအာရ်စီ)ကို ထိုင်းတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရွန်ရောဂ်မဟာဆရာနော့ဒ်၊ ကြည်းတပ် ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဆွန်သိ ဗွန်ရာရတ်လင်၊ ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆတ်သီရာပန်ကောယာန္တန်၊ လေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ချာလစ် လခ်ဖူပါဆွတ်၊ ရဲတပ်ဖွဲ့ အကြီးအကဲ ရဲဒုတိယဗိုလ်ချုပ်ကြီး ကောဝတ်ဝါတနာ၊ အမျိုးသား လုံခြုံရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ဝီနာပက် သီရာကူးလ်တို့ဖြင့် ဖွဲ့စည်းလိုက်ကြောင်း ကြေညာသွားသည်။

(အင်တာနက်)

# လာအိုလေကြောင်းဌာန ခရီးစဉ်သစ်များ ပြေးဆွဲမည်

**ဟန္နွိုင်း စက်တင်ဘာ ၁၉**

လာအိုလေကြောင်း ဌာနသည် ဒေသဆိုင်ရာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်စေရန် အိမ်နီးချင်းသုံးနိုင်ငံနှင့် ဆက်သွယ်သည့် လေယာဉ်ခရီးစဉ်သစ်များကို မကြာမီပြေးဆွဲမည်ဖြစ်ကြောင်း လာအိုသတင်းအေဂျင်စီ ကေပီအယ်လ်က တနင်္လာနေ့တွင် သတင်းထုတ်ပြန်သည်။

လာအိုလေကြောင်းဌာနသည် ထိုင်း၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့နှင့် လေယာဉ်ခရီးစဉ်သစ် တိုးချဲ့ပြေးဆွဲမည်ဖြစ်ကြောင်း လာအိုနိုင်ငံ မြို့တော်ဟောင်း လွှန်ပရာဘန်းမှ ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်သို့ ပျံသန်းမည့် လေယာဉ်ခရီးစဉ်ကို ရက်သတ္တတစ်ပတ်လျှင် သုံးကြိမ်ပျံသန်းမည်ဖြစ်ပြီး ယင်းလေကြောင်းခရီးစဉ်ကို အောက်တိုဘာ ၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***




**တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပသည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော်တွင် ပါဝင်ပြသမှုအချို့ကို စက်တင်ဘာ ၁၆ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ဘရာဇီး၌ မူးယစ်ဆေးဝါး မှောင်ခို ၁၄ ဦးဖမ်းမိ

**ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၂၀**

ဘရာဇီးနိုင်ငံ ရဲတပ်ဖွဲ့သည် နိုင်ငံတောင်ပိုင်း ပါရာနာပြည်နယ်၌ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်သူ ၁၄ဦးကို အင်္ဂါနေ့က ဖမ်းဆီးလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းအသုံးပြုသည့် မော်တော်ယာဉ် အစီး ၇၀၊ လက်နက်များ၊ စာရွက်စာတမ်းများနှင့် ဆေးခြောက် ကီလို ၆၀နီးပါးကို သိမ်းဆည်းရမိလိုက်သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# အမေရိကန်အောက်လွှတ်တော် အဆောက်အအုံ လုံခြုံရေးကိစ္စကြောင့် တနင်္လာနေ့က ပိတ်ထား

**ဝါရှင်တန် စက်တင်ဘာ ၁၉**

အမေရိကန်ပြည်ထောင်စုရှိ အောက်လွှတ်တော် အဆောက်အအုံ အတွင်းသို့ လုံခြုံရေးဌာနကို ဖြတ်ကျော်ကာ လူတစ်ဦး ဝင်ရောက်သွားပြီးနောက် ယင်းအဆောက်အအုံကို တနင်္လာနေ့တွင် ပိတ်ထားလိုက်ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ဖြတ်ကျော်**

အဖျက်သမားဟု သင်္ကာမကင်းဖြစ်ရသူတစ်ဦးက ယာဉ်ကိုမောင်းနှင်ကာ လုံခြုံရေးဌာနကို ဖြတ်ကျော်ခဲ့ပြီး ယာဉ်အတွင်းမှထွက်ကာ အောက်လွှတ်တော်အဆောက်အအုံအတွင်းသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ကြပ်ကြီး ကင်ဘာလေရှန်က်နိုက်ဒါက ပြောကြားသည်။

အဆိုပါ အောက်လွှတ်တော်အဆောက်အအုံတွင် အောက်လွှတ်တော်အဖွဲ့ဝင်များ မရှိကြသည့်အချိန်တွင် ယင်းဖြစ်ရပ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

## သစ်တောရေးရာဝန်ကြီးဌာန ၂၀၀၆ခုနှစ် လုပ်ငန်းညှိနှိုင်း ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက် အမှာစကားပြောကြား

**သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၀၆ ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အမှာစကားပြောကြားစဉ်။**
(သစ်တောရေးရာ)

နေပြည်တော် စက်တင်ဘာ ၂၀

**သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၀၆ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့တွင် နေပြည်တော်ရှိ သစ်တောသုတေသန စုဝေးခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ သစ်တောရေးရာဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ဒုတိယပါမောက္ခချုပ်များနှင့် ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ ပြည်နယ်နှင့်တိုင်းအလိုက် တာဝန်ခံများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းတို့က တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

**ရန်ကုန် စက်တင်ဘာ ၂၀**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသက "ဗုဒ္ဓဘာသာလေးမျိုး တရားတော်"ကို စက်တင်ဘာ ၂၁ရက် နံနက် ၇နာရီတွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ အသံလွှင့်ဟောကြားတော်မူမည်ဖြစ်သည်။ (သတင်းစဉ်)

## အဂ္ဂမဟာပဏ္ဍိတပူဇော်ပွဲနှင့် ထေရဝါဒတရားပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၀**

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိတော်မူသော မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက်ရပ်ကွက် အနောက်ခင်မကန်တိုက် စည်သာကျောင်း ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သာသနဓဇဓမ္မာစရိယ ဆရာတော် ဘဒ္ဒန္တနာရဒအား အဂ္ဂမဟာပဏ္ဍိတပူဇော်ပွဲကို ၁၃၆၈ ခုနှစ် သီတင်းကျွတ်လဆန်း ၆ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီခွဲတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပြီး ထေရဝါဒအထူးတရားပွဲကို ဘဒ္ဒန္တဝါယာမိန္ဒ၊ ဘဒ္ဒန္တနေမိန္ဒ၊ ဘဒ္ဒန္တကောသလ္လ(ဓမ္မစေတီ)၊ အရှင်အဂ္ဂသာရ၊ ဘဒ္ဒန္တဥတ္တမသာရတို့က စက်တင်ဘာ ၂၂ ရက်မှ ၂၆ ရက်အထိ ညစဉ် ၇ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။ (က-ပ)

## ရန်ကုန်-မန္တလေး အစုန်၊အဆန် လူစီးအမြန်ရထားများ၏ အချိန်စာရင်းသစ်

ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အစုန်၊ အဆန် လူစီးအမြန်ရထားများ၏ ရထားထွက်ချိန်၊ ရထားဆိုက်ရောက်ချိန်များကို ၂၀၀၆ခုနှစ် စက်တင်ဘာလ ၂၆ ရက် (အင်္ဂါနေ့)မှ အစပြု၍ အချိန်စာရင်းသစ်ဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း မြန်မာ့မီးရထား၏ ကြေညာချက်အရ သိရှိရပါသည်။ ပြေးဆွဲမည့်ရထားအချိန်စာရင်းသစ်ကို အောက်ပါအတိုင်း ကြေညာထားကြောင်း တွေ့ရှိပါသည်-

**အဆန်ရထားများ-**

| စဉ် | ရထားအမှတ် | ရန်ကုန်မှ ထွက်ခွာချိန် | နေပြည်တော်သို့ ဆိုက်ရောက်ချိန် | မန္တလေးသို့ ဆိုက်ရောက်ချိန် |
|---|---|---|---|---|
| ၁ | ၂၉ အဆန် | ၀၄း၀၀ | ၁၂း၀၇ | ၁၀း၀၀ |
| ၂ | ၁၇ အဆန် | ၀၄း၃၀ | ၁၃း၀၀ | ၁၉း၃၀ |
| ၃ | ၅ အဆန် | ၀၅း၀၀ | ၁၃း၄၅ | ၂၀း၁၀ |
| ၄ | ၃ အဆန် | ၀၅း၃၀ | ၁၄း၃၃ | ၂၁း၃၀ |
| ၅ | ၁၁ အဆန် | ၀၆း၀၀ | ၁၅း၁၀ | ၂၂း၀၀ |
| ၆ | ၃၁ အဆန် | ၀၉း၀၀ | ၁၇း၄၅ | - |
| ၇ | ၇ အဆန် | ၀၉း၃၀ | ၁၈း၁၅ | - |

**အစုန်ရထားများ-**

| စဉ် | ရထားအမှတ် | မန္တလေးမှ ထွက်ခွာချိန် | နေပြည်တော်မှထွက်ခွာချိန်/ နေပြည်တော်သို့ဆိုက်ရောက်ချိန် | ရန်ကုန်သို့ ဆိုက်ရောက်ချိန် |
|---|---|---|---|---|
| ၁ | ၈ အစုန် | - | ၀၆း၃၀ | ၁၅း၃၀ |
| ၂ | ၃၂ အစုန် | - | ၀၈း၄၅ | ၁၇း၄၅ |
| ၃ | ၃၀ အစုန် | ၀၄း၀၀ | ၀၉း၃၃ | ၁၈း၀၀ |
| ၄ | ၁၈ အစုန် | ၀၄း၃၀ | ၁၀း၂၄ | ၁၉း၃၀ |
| ၅ | ၆ အစုန် | ၀၅း၀၀ | ၁၀း၅၈ | ၂၀း၁၀ |
| ၆ | ၄ အစုန် | ၀၅း၃၀ | ၁၁း၄၉ | ၂၁း၃၀ |
| ၇ | ၁၂ အစုန် | ၀၆း၀၀ | ၁၂း၂၀ | ၂၂း၀၀ |

## စာပေစာနယ်ဇင်း အစည်းအဝေးကျင်းပ သာရေးနာရေးရန်ပုံငွေ ထည့်ဝင်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ အမှုဆောင်အစည်းအဝေးကို အမှတ်(၅၃) ဖို့မြေလမ်းရှိ မြို့နယ် စာပေစာနယ်ဇင်းအဖွဲ့ရုံးတည်ရာ အောင်လံရယ်ရှင်ဖွယ်မဂ္ဂဇင်းတိုက်တွင် စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁နာရီတွင် ကျင်းပရာ မြို့နယ် စာပေစာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်) က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အတွင်းရေးမှူး ဦးရဲဇော်(ကိုရဲဇော်)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ယင်းအစည်းအဝေးတွင် စာပေစာနယ်ဇင်းအဖွဲ့ဝင်အဖြစ် လျှောက်ထားခြင်းကိစ္စ၊ အဖွဲ့ဝင်များ၏ သားသမီးများ၊ ပညာထူးချွန်ဆုပေးရေးကိစ္စ၊ သက်ကြီးစာပေပညာရှင်များ စာဆိုတော်နေ့အထိမ်းအမှတ် ကန်တော့ရန်ကိစ္စများကို ဆွေးနွေးဆုံးဖြတ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေစာနယ်ဇင်းအဖွဲ့ကကျင်းပသော စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးပူဇော်ပွဲအတွက် မြို့နယ် စာပေစာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၀၀၀၀ ထည့်ဝင်လှူဒါန်းရန် သဘောတူ ဆုံးဖြတ်ကြပြီးနောက် မြို့နယ် စာပေစာနယ်ဇင်းအဖွဲ့ဝင်များ သာရေးနာရေး ရန်ပုံငွေသို့ ဒုတိယဥက္ကဋ္ဌ ဦးသက်ဆွေ (ရွှေ့ဆောင်တင်ဆွေ) **(ဝဲပုံ)** က ငွေကျပ် ၁၀၀၀၀ ထည့်ဝင်လှူဒါန်းသည်။ (၃၁)

## ကိုယ်ပွားသတင်းစာတိုက်(လားရှိုး) ဝန်ထမ်းမိသားစုများ ဝါဆိုသင်္ကန်းကပ်

**လားရှိုး စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)မှ ဝန်ထမ်းမိသားစု၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို စက်တင်ဘာ ၁၆ရက်နံနက်ပိုင်းက အဆိုပါသတင်းစာတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ လားရှိုးမြို့ ဇမ္ဗူအေးစေတီတပ်ဦးကျောင်းတိုက်မှ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တမ(မဟာဂန္ထဝါစကပဏ္ဍိတ) အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူပြီး အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် စာတည်း ဦးဇော်လွင်၊ ဇနီးနှင့် ဝန်ထမ်းများက ဝါဆိုသင်္ကန်းနှင့် ဝတ္ထုပစ္စည်းများ ဆက်ကပ်ကြသည်။

ထို့နောက် စက်တင်ဘာ ၁၇ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဂျန်မိုင်ရွာ အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၃၅ဦးနှင့် ရပ်မိရပ်ဖများအား စာတည်း ဦးဇော်လွင်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် စာတည်းနှင့်ဇနီးတို့က အာဟာရ မုန့်ဟင်းခါးကျွေးမွေးရာ ကျောင်းအကျိုးတော်ဆောင် ဦးဘွမ်ခေါ၊ ကျောင်းအုပ်ဆရာမကြီးဒေါ်နော်လှိုဇော်နှင့် ဆရာ၊ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ (ကြေးမုံ)

## ပေးအပ်လှူဒါန်း

**စက်တင်ဘာ ၂၀ရက်က အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော လိုဏ်ဂူဝိပဿနာ စေတီတော်ကြီးအတွက် အလှူငွေပေးအပ်ပွဲကို ဓမ္မဇောတိရိပ်သာ၌ပြုလုပ်ရာ နှစ်ဖက်သောမိဘများအား အမှူးထား၍ အင်းစိန်မြို့နယ် ပေါက်တောရပ်ကွက်နေ ဟိုမီယိုပက်သစ်ဆေးတိုက် ဦးလှမင်းစိန်-ဒေါ်ကြူကြူလွင် မိသားစုတို့က အလှူငွေကျပ် ၁၀၀၀၀၀ ကို ဓမ္မဇောတိရိပ်သာ ဂေါပကဥက္ကဋ္ဌ ဦးဥဂ္ဂါထံ ပေးအပ်လှူဒါန်းစဉ်။** (၅၂၉)

## သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့

ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် အဝလွန်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် အရိုးအဆစ်များ နာကျင်ရောင်ရမ်းခြင်းတို့ ဖြစ်ပွားတတ်ပါသည်။ လမ်းလျှောက်ခြင်းသည်-

**၁။ သွေးတိုးကျစေသည်။**
**၂။ စိတ်ပျော်ရွှင်ကျန်းမာစေသည်။**
**၃။ အရိုးများကြံ့ခိုင်သန်စွမ်းစေသည်။**
**၄။ အဝမလွန်အောင်ထိန်းသိမ်းနိုင်သည်။**
**၅။ ကြွက်သားများသန်စွမ်းဖျတ်လတ်သည်။**
**၆။ သွေးအတွင်းမှ အဆီကျစေသည်။**
**၇။ သွေးအတွင်းမှ သကြားဓာတ်ကျစေသည်။**
**၈။ အသက်အရွယ်မရွေး၊ လူတန်းစားမရွေးဆောင်ရွက်နိုင်သည်။**

ရောဂါဘယကင်းစင်၍ သက်ရှည်ကျန်းမာကြစေရန် မိသားစုတစ်စုလုံး နေ့စဉ်နာရီဝက်ခန့် ပုံမှန်လမ်းလျှောက် ကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် သမဝါယမဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သမဝါယမ)

# သမဝါယမကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်အောင် မူဘောင်အတွင်းမှ လွတ်လပ်စွာအကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၀

**သမဝါယမဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် တက်ရောက် အမှာစကားပြောကြားသည်။**

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က အမှာစကားပြောကြားရာတွင် သမဝါယမဝန်ကြီးဌာနသည် လုပ်ငန်းများကို သမဝါယမအသင်း အဆင့်ဆင့်နှင့် ပူးပေါင်း အကောင်အထည်ဖော်ရသော ဌာနဖြစ်၍ ဌာနနှင့်အသင်းများက မိမိတာဝန်ကို မိမိကျေပွန်အောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနသည် နိုင်ငံတော်ကသတ်မှတ်ပေးသောရည်မှန်းချက်ကို အကောင်အထည်ဖော်ရန်နှင့် သမဝါယမအသင်းများ၏ အားနည်းချက်၊ ချို့ယွင်းချက်များကို ထိန်းကျောင်းပေးရန်ဖြစ်ပြီး အသင်းများသည် အမျိုးသားဝင်ငွေ တိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်အောင် မူဘောင်အတွင်းမှ လွတ်လပ်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း အကျယ်တဝင့် မှာကြားသည်။

ယင်းနောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က မိမိတို့ဌာနအလိုက် လုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက လျာထားချက်ထက်ပို့ကုန် ပိုမိုတင်ပို့နိုင်မှုအခြေအနေများကို လည်းကောင်း၊ ပြည်နယ်၊ တိုင်း သမဝါယမဦးစီးဌာနမှူးများ၊ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌနှင့် သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌတို့က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# သမိုင်းသက်သေ တည်ခဲ့ပြီ

☆ ဆည်တမံ လမ်းတံတားများ
ဘယ်စွမ်းအားနဲ့ တည်ဆောက်ထားသလဲ။
☆ စက်ရုံအလုပ်ရုံ၊ စက်မှုဇုန်များ
ဘယ်လုပ်အားနဲ့ တိုးပွားခဲ့သလဲ။
☆ စီးပွားစွမ်းအား ပိတ်သည့်ကြားက
ဘယ်စွမ်းပကားနဲ့ အကျိုးများခဲ့သလဲ။
☆ ရတနာကျောက်မျက်၊ တွင်းထွက်ရေနံ
ပိုလျှံရဖို့၊ လုံ့လစိုက်ထား
ကြိုးစားနေတာ ဘယ်သူတွေလဲ။
☆ ယင်းအရှိတရားများ၊ မျက်ကွယ်ထားကာ
စကားမမှန်၊ ကြံဖန်လုပ်ဇာတ်
မပြတ်လွှင့်ထုတ်၊ ဒီမိုရုပ်သွင်
ခေါင်းစဉ်တင်ငြား၊ သင်ဆက်မှားလိမ့်
ဒို့များမျက်မြင် သက်သေတင်။
ညီညွတ်မှုများ အကြားမထင်။
ပူးပေါင်းဆောင်ရွက် သွားမည်ပင်။ ။

ရဲရင့်သွေး (ဥပဒေ)

တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်း အမှတ်(၁၅) ဆုထူးပန်ပရိယတ္တိ ရွှေကျင်ကျောင်းတိုက်တွင် သုခကာရီဗဟိုဆောင် မွမ်းမံပြင်ဆင်ရန်အတွက် တာမွေမြို့နယ် ကျိုက္ကစံလမ်းနေ ဦးသိန်းဌေး-ဒေါ်ကျင်ရီနှင့် ညီ ဦးစိုးစိုးအောင်၊ ဦးလှထွန်းအေးတို့အားရည်စူး၍ ဦးတင်ထွန်းစိုး၊ အစ်မ ဒေါ်အေးမြင့်ဌေးမိသားစုက အလှူငွေကျပ် ၁၅သိန်းလှူဒါန်းရာ ကျောင်းပြင်ဆင်ရေးအကျိုးတော်ဆောင် ဦးစံရှိန်လက်ခံစဉ်။ (ကြေးမုံ)

# သံအမတ်ကြီး ဦးထိန်ဝင်း ချီလီသမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၁**

ချီလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးထိန်ဝင်းသည် ၎င်း၏ ခန့်အပ်လွှာကို စက်တင်ဘာ ၅ ရက်တွင် ဆန်တီယာဂိုမြို့၌ ချီလီသမ္မတနိုင်ငံ သမ္မတ မစ္စစ် မီရှဲလ်ဘာရှယ်လက်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

စက်တင်ဘာ ၁၆ရက်ကကျင်းပသော ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ကမာရွတ်၏ ၂၀၀၅-၂၀၀၆ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါ်ထူးထူးအောင် ခြောက်ဘာသာဂုဏ်ထူးရှင် မပိုင်ဖြိုးသုအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

ရန်ကုန်တိုင်း ခရမ်းမြို့ အမှတ်(၂)အထကတွင် စက်တင်ဘာ ၈ရက်က မိဘဆရာအသင်း နှစ်ပတ်လည်ညီလာခံနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော မောင်ဉာဏ်ကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မမအောင် ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်အစိုးရ ဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၆ ခုနှစ် စက်တင်ဘာလအတွက်**

**နောက်ဆုံးပတ် (တနင်္ဂနွေနေ့)**

**(၂၄-၉-၂၀၀၆) ရက်နေ့**

**၂၀၀၆ ခုနှစ် အောက်တိုဘာလအတွက်**

**(၈-၁၀-၂၀၀၆) ရက်နေ့**

**နှင့်**

**(၂၉-၁၀-၂၀၀၆) ရက်နေ့**

# ကညွတ်ကွင်း အထက ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

**ကညွတ်ကွင်း စက်တင်ဘာ ၂၀**

ပဲခူးတိုင်း ဖြူးမြို့နယ် ကညွတ်ကွင်းအထက ကျောင်းသား ကျောင်းသူဟောင်းများက ကညွတ်ကွင်းမြို့၌ ၁၉၈၀ပြည့်နှစ်မတိုင်မီ ပညာသင်ကြားပေးခဲ့ကြသည့် သက်ပြည့်အငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၄၄ ဦးတို့အား (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၂၂ရက်(တန်ဆောင်မုန်းလဆန်း ၂ရက်)တွင် ကျင်းပမည်ဖြစ်ပြီး အဆိုပါအခမ်းအနားနှင့်အတူ မိတ်ဆုံစားပွဲ၊ အရဏ်ဆွမ်းကပ်လှူပွဲပါ ပြုလုပ်မည်ဖြစ်သည်။

အာစရိယပူဇော်ပွဲကျင်းပရေးအတွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်မြင့်၊ ကွင်းရှေ့ဥက္ကဋ္ဌ ဦးစံမြင့်၊ ဦးမြဝင်းကျော်၊ ဦးညီညီ(ဖြူး)၊ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးချစ်စမ်းနှင့် ကျောင်းသားဟောင်းများညှိနှိုင်းဆွေးနွေးခဲ့ကြရာ အတွင်းရေးမှူး ဦးခင်မောင်မြင့်က အလှူငွေကောက်ခံရေး၊ ဖိတ်ကြားရေး စသည်တို့ကိုရှင်းလင်းတင်ပြခဲ့သည်။

အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို ရန်ကုန်မြို့တွင် ဦးလူကလေး ဖုန်း-၀၉-၀၈-၂၂၇၅၅နှင့် ဦးမောင်မောင်သိမ်း ဖုန်း-၀၁-၃၈၁၃၈၃၊ ကညွတ်ကွင်းမြို့တွင် ဒေါက်တာ ကျော်မြင့်-ဒေါ်သန်းသန်းအေး ဖုန်း-၇၇နှင့် ဦးအောင်မြင့် ဖုန်း-၀၉-၀၅၂-၀၀၇၂၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (၅၂၁)

# တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

# မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

❍ **ရှေ့ဖုံးမှ**

၂၀၀၅–၂၀၀၆ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီး ၃၇ဦး၊ ၂၀၀၅ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ အာဆီယံ ယူ(၂၀)ပထမဆု ရွှေတံဆိပ်၊ ထိုင်းနိုင်ငံ အာဆီယံ ယူ(၁၇) ပထမဆု ရွှေတံဆိပ်၊ ထိုင်းနိုင်ငံ အာရှ–ဥရောပ ယူ(၂၀) ဒုတိယဆုငွေတံဆိပ်၊ Pre Sea Game ယူ(၂၃) တတိယဆု ကြေးတံဆိပ်၊ ၂၀၀၅–၂၀၀၆ ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဖလား ဒုတိယဆု ငွေတံဆိပ်၊ ၂၀၀၆–၂၀၀၇ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ပထမဆု ရွှေတံဆိပ်၊ ပြည်တွင်းပြည်ပ မသန်စွမ်းနှင့် ပြေးခုန်ပစ် အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများ၊ စီးပွားကူးသန်းဂျာနယ်တွင် ဆောင်းပါးအများဆုံးရေးသားသူ ဝန်ထမ်းများ၊ ထူးချွန်ဝန်ထမ်းများအား ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဆုများ အသီးသီးချီးမြှင့်ကြသည်။

ထို့နောက် ပညာရည်ချွန်ဆုရရှိသူများကိုယ်စား ဆုရကျောင်းသားတစ်ဦးနှင့် အားကစားထူးချွန်ဆုရသူများကိုယ်စား မြန်မာ့လက်ရွေးစင်ဘောလုံးသမားမင်းသူတို့က ကျေးဇူးတင်စကား အသီးသီးပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# စီမံကိန်းသစ်များကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်တည်ဆောက်

# ထုတ်လုပ်မှုလုပ်ငန်းများ ဝင်ငွေတိုးတက်ရရှိလာအောင် ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၀

**အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် စက်ရုံအထွေထွေမန်နေဂျာများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အမှာစကားပြောကြားရာတွင် ယခင် ဘဏ္ဍာရေးနှစ်တွင် ထုတ်လုပ်မှုလုပ်ငန်းများကို လျာထားချက်များ ပြည့်မီစွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုဘဏ္ဍာရေးနှစ်တွင်လည်း လျာထားချက်များ ပြည့်မီကျော်လွန်ရေး အတွက် ထုတ်လုပ်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် လိုကြောင်း၊ စီမံကိန်းသစ်များကို လည်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်ပြီး ထုတ်လုပ်မှုလုပ်ငန်းများ ဝင်ငွေတိုးတက် ရရှိလာအောင် ဆောင်ရွက်ရန် လိုကြောင်း၊ အလေအလွင့်နည်းပါးပြီး ချွေတာကြရန် မှာကြားလိုကြောင်း၊ ပြည်သူများ လေးစားသည့် ဝန်ထမ်းများဖြစ်ရန် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဦးစီးဌာန၊ လုပ်ငန်းတစ်ခုချင်းအလိုက် ထုတ်လုပ်မှု၊ ရောင်းချမှု လျာထားချက်များ ပြည့်မီကျော်လွန်ရေး ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က စက်ရုံအသီးသီးမှ ထုတ်လုပ်သည့် ပစ္စည်းများ အရောင်းမြှင့်တင်ရေး ဆောင်ရွက်ရန်များကိုလည်းကောင်း၊ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်း ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်က ယခုဘဏ္ဍာရေးနှစ် ကုန်ထုတ်လုပ်မှု လျာထားချက် ပြည့်မီရေး လိုအပ်ချက်များကို လည်းကောင်း တင်ပြကြပြီး ဦးဆောင်ညွှန်ကြားရေးမှူးများက ကုန်ထုတ်လုပ်မှု လျာထားချက် ပြည့်မီရေး အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီး ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ၂၀၀၅–၂၀၀၆ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အမှတ်(၂)စက်မှုဝန်ကြီးဌာနအောက်ရှိ ဌာန၊ လုပ်ငန်း၊ စက်ရုံများမှ ဝန်ထမ်းသားသမီးများအတွက် ပညာသင်ဆုများကို ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင် ညွှန်ကြားရေးမှူးများက လက်ခံကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

◇ **မြို့တွင်းဓာတ်အားစနစ်မှ**

ယင်းနောက် ဝန်ကြီးက မြို့တွင်းဓာတ်အားစနစ် ပိုမိုတိုးတက်ကောင်းမွန်စေရန်နှင့် ဓာတ်အားပြည့်ဝစွာ ရရှိရန် ပြည်သူနှင့် လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်သော လျှပ်စစ်ကဏ္ဍ မြှင့်တင်မှုကို ဖော်ဆောင်သွားရန် ပြောကြားသည်။

ထို့နောက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မြို့တွင်း လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ဓာတ်အားပျောက်ဆုံး လေလွင့်မှုများ ပပျောက်သွားအောင် ကြိုးပမ်းဆောင်ရွက်သွားရမည့် လုပ်ငန်း အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သာဂရမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ဓာတ်အားခငွေ လက်ခံကောင်တာကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ကြီးအား လျှပ်စစ်မှူး ဦးမောင်မောင်အေးက မြို့နယ်တွင်း ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေနှင့် ဓာတ်အားခကောက်ခံရရှိမှု အခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များကို ယခုထက် ပိုမိုအောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မြို့တွင်း ဓာတ်အားပိုမိုနိုင်နင်းစွာ ဖြန့်ဖြူးပေးနိုင်ရန်နှင့် ဓာတ်အား ပျောက်ဆုံးလေလွင့်မှု လျော့နည်းသွားရန် လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း တင်ပြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စက်တင်ဘာ ၂၀ ရက်နေ့က ဆော်ဒီအာရေဗျနိုင်ငံ၏ (၇၆)ကြိမ်မြောက် အမျိုးသားနေ့ ညှော်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Turki Bin Naji Al Ali ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# မိတ္ထီလာမြို့ အထက(၁) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၀

မိတ္ထီလာမြို့ အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒသမအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသက် ၆၀ ကျော် ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ရန် ဖိတ်ကြားထားသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

အာစရိယပူဇော်ကန်တော့ပွဲကျင်းပရန်နှင့် နှစ်စဉ်နှစ်တိုင်း ပူဇော်ကန်တော့ပွဲ ကျင်းပသွားနိုင်ရေးအတွက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းလိုသူများသည် ကျောင်းအုပ်ကြီး အထက(၁)မိတ္ထီလာ ဖုန်း–၀၆၄–၂၃၀၁၉၊ ဒေါ်စုစုလွင် ဖုန်း– ၀၆၄–၂၁၆၆၂၊ ဦးစံလင်း ၀၆၄–၂၃၁၈၄၊ ဦးခင်ထွန်း ၀၆၄–၂၁၁၃၀၊ ဦးအောင်ကျော်မြင့် ဖုန်း–၀၉၈၀–၂၀၀၅၁၊ ၀၁–၃၈၄၄၂၀နှင့် ဦးငွေမောင်း ဖုန်း–၀၁–၅၄၅၁၂၆(ရုံး)၊ ၀၁–၅၁၈၀၀၉(အိမ်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

# ကဏန်းအကောင်ငယ်များ ပြန်လည်လွှတ်ပေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၏ ဦးဆောင်မှုအရ ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကဏန်းလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် သဘာဝ သယံဇာတမျိုး ထိန်းသိမ်းရေးနှင့် သတ်မှတ်အရွယ်အစား မပြည့်မီသော ၁၀၀ ဂရမ်အောက် ကဏန်းအကောင်ငယ်များကို သဘာဝရေပြင်သို့ ပြန်လည်လွှတ်ပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၉ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မော်ဝန်းချောင်းတစ်လျှောက်၌ ကျင်းပသည်။

အစီအစဉ်အရ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက သဘာဝရေပြင်များ၌ မျိုးထိန်းသိမ်းရေးနှင့် မျိုးပြန့်ပွားရေးအတွက် ရေထွက်သယံဇာတပစ္စည်းများကို သတ်မှတ်အရွယ်အစား စံချိန်စံညွှန်းများဖြင့် ထုတ်လုပ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် သတ်မှတ်အရွယ်အစား မပြည့်မီသည့် အကောင်ငယ်များကို သဘာဝရေပြင်များသို့ ဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်နေသည့် အခြေအနေ၊ ၂၀၀၆ ခုနှစ်အတွင်း ကဏန်း အကောင်ငယ် ၁၄၁၀၀ ကို သဘာဝရေပြင်သို့ သယံဇာတမျိုးထိန်းရေးအတွက် ပြန်လည်လွှတ်ပေးပွဲများ ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍လည်း ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ၊ ကျောက်တန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မြန်မာနိုင်ငံ ကဏန်းလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များက မော်ဝန်းချောင်းတစ်လျှောက် သဘာဝရေပြင်များသို့ ကဏန်းငယ်အကောင် ၅၄၄၀ ကို ပြန်လည် လွှတ်ပေးကြသည်။(သတင်းစဉ်)

INTERNATIONAL DAY OF OLDER PERSONS
1st OCTOBER 2006
**အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့**
**၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့**

"TOWARDS A SOCIETY FOR ALL AGES"
**"သက်ရွယ်စုံညီ၊ လူ့ဘောင်ဆီသို့"**

# စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့

# စကားဝိုင်းဆွေးနွေးပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၀

**စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ဝေဝေခိုင်သည် အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့နယ် ဆားတောင်ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည့် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ စကားဝိုင်းဆွေးနွေးပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲသို့ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ဆားတောင်ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သန်းရွှေက အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ အစောင် ၃၀၀ ကိုလည်းကောင်း၊ ဆားတောင်ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းယုမော်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ အစောင် ၁၀၀ကိုလည်းကောင်း အသီးသီးပေးအပ်ကြရာ ဒေါ်ဝေဝေခိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နုနုဝင်းနှင့် တာဝန်ရှိသူများက အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ချက်များကို အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (စွမ်းအင်)

# ကချင်ပြည်နယ်အတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ နှစ်ရှည်သီးနှံများ တိုးချဲ့ဖော်ထုတ် စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၀

**ကချင်ပြည်နယ်အတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ နှစ်ရှည်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ မြို့တော်ခန်းမဒွန်ကျင်းပရာ အစည်းအဝေးသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားဖြစ်ကိုးဝင်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ ကျွန်းနှင့်ရော်ဘာပင်များ တိုးချဲ့စိုက်ပျိုးရေး အခြေအနေများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းအမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းက ပြည်နယ်အတွင်း ကျွန်း၊ ပျဉ်းကတိုး၊ ရော်ဘာနှင့် ပြည်နယ်ရာသီဥတုနှင့်ကိုက်ညီသည့် နှစ်ရှည်သီးနှံပင် တိုးချဲ့စိုက်ပျိုးရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့နှင့် တာဝန်ရှိသူများက ပိတောင်ဒေသစိမ်းလန်း စိုပြည်ရေးနှင့် လယ်ယာနှင့်သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် မြေလွတ်မြေရိုင်းများဖော်ထုတ်၍ နှစ်ရှည်သီးနှံစိုက်ပျိုးရေး လုပ်ငန်းများအောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်တွင်းသုံးစွဲမှုဖူလုံရေး ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရန်ဆောင်ရွက် နိုင်ငံပိုင်ပစ္စည်းများ လေလွင့်မှုမဖြစ်ရေး၊ မသမာမှုများပပျောက်ရေး ထိန်းသိမ်း

နေပြည်တော် စက်တင်ဘာ ၂၀

**စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့တွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ရတနာခန်းမဒွန်ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်၍ အမှာစကားပြောကြားသည်။**

**တက်ရောက်**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် ဝန်ကြီးဌာနရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ညွှန်ကြားရေးမှူးများ၊ ရေနံမြေအထွေထွေမန်နေဂျာများ၊ စက်ရုံမှူးများ၊ ပြည်နယ်နှင့်တိုင်း ရောင်းဝယ်ရေးအရာရှိများ၊ အထွေထွေမန်နေဂျာများ၊ ဌာနခွဲမန်နေဂျာများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက နိုင်ငံတော်က Good Governance သို့ ဦးတည်ဆောင်ရွက်နေချိန်တွင် ဝန်ထမ်းများအနေဖြင့် ရိုးသားကြိုးစားပြီး e-Government ကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရေးသည် အရေးကြီးကြောင်း၊ ယနေ့ ကမ္ဘာ့စက်သုံးဆီဈေးသည် အဆမတန်မြင့်တက်လျက်ရှိရာ ပြည်တွင်းသုံးစွဲမှုဖူလုံစေရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေးကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးစား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ရေနံနှင့် သဘာဝဓာတ်ငွေ့ မြေအသစ်များ ထပ်မံရှာဖွေ တွေ့ရှိနိုင်ရေးအတွက် အတွေ့အကြုံ၊ နည်းပညာအသစ်များကို အသုံးချပြီး ကြိုးပမ်းရှာဖွေ တူးဖော်သွားကြရန် ဖြစ်ကြောင်း၊ ဓာတ်မြေသြဇာစက်ရုံများ၊ ရေနံချက်စက်ရုံများ စွမ်းအားပြည့် လည်ပတ်နိုင်ရေးနှင့် ဓာတ်မြေသြဇာကို လျှာထားချက်ပြည့်မီအောင် ထုတ်လုပ်သွားရန်ဖြစ်ကြောင်း၊ စက်သုံးဆီကို ချွေတာသုံးစွဲသွားကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို အစားထိုးပေးနိုင်မည့် Biodiesel နှင့် Gasohol ထုတ်လုပ်မှုတွင် နည်းပညာပိုင်းကို မိမိတို့ဝန်ကြီးဌာနက တာဝန်ယူထားရသည်ဖြစ်ရာ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ပြည်သူများ သုံးစွဲနိုင်ရေးအတွက် ချမှတ်ထားသော စီမံချက်အဆင့်ဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးနှင့် မသမာမှုများ ပပျောက်စေရေးတို့အတွက် သက်ဆိုင်ရာအဆင့်အလိုက် ကြပ်မတ်ထိန်းသိမ်းသွားကြရန်ဖြစ်ကြောင်းဖြင့် အသေးစိတ် မှာကြားပြီး ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်မြေသြဇာ အထွက်တိုးရေး ဆောင်ရွက်သွားရမည့် ရှေ့လုပ်ငန်းစဉ်များကိုချမှတ်ပေးသည်။

ဆက်လက်၍ ဌာနဆိုင်ရာအကြီးအကဲများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက ကဏ္ဍအလိုက် သုံးသပ်ဆွေးနွေးသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ဦးတည်ချက်

(၁) မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရန်
(၂) မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်
(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့်မြန်မာတို့၏ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်
(၄) မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရန်
(၅) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်
(၆) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်
(၇) စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမို ရှင်သန်ခိုင်မာစေရန်

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၉-၂၀၀၆ (ကြာသပတေးနေ့)**

**၁၃၆၈ ခုနှစ်၊ တော်သလင်းလကွယ်နေ့ (ဥပုသ်နေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ ဝါဆိုမိုးဆမ်းကန်တော့ပန်း (တိပိဋကနိကာယဥပဋ္ဌာက အနုပညာအဖွဲ့)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၂၀ ၇။ အကပဒေသာ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Islands-of Dhamma.
၈:၅၀ ၁၀။ **ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက) နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်ဆရာတော်၊မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း**
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်း အခြေခံပညာကျောင်းများဝတ်ရွတ်ပြိုင်ပွဲတွင် ပထမဆုရ လသာရတနာဝတ်အသင်း(အထက-၂၊လသာ)
၄:၅၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၁၀ ၆။ "အဲဒီမှာ စတွေ့တာပဲ" (မင်းအုဝ်စိုး၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း၊ (ဒါရိုက်တာ-မင်းအုဝ်စိုး)
၅:၁၅ ၇။ တေးဂီတအစီအစဉ်
၅:၃၀ ၈။ ကြယ်ပွင့်များရဲ့ရင်ခုံသံ
၅:၄၅ ၉။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အခြေခံပညာ ၁၀-၁၅နှစ်) (အမျိုးသား)
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ သီရိဂေဟာ
၇:၀၀ ၁၃။ တန်ခိုးကြီးမားထင်ရှားအကျော်ရာဇမဏိစူဠာကောင်းမှုတော် စေတီတော်
၇:၁၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နတ်သမီး" (အပိုင်း-၂)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးပထမချစ်ပုံပြင်" (အပိုင်း-၁)**
၁၉။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

## မော်တော်ကားမှန်များတွင် စတစ်ကာကပ်ပါက ထိရောက်စွာ အရေးယူမည်

**ရန်ကုန်တိုင်းအတွင်း မော်တော်ယာဉ်များတွင် ကားမှန်များအား စတစ်ကာ ကပ်ခြင်း၊ လေစုပ်ခွက်ကပ်ခြင်း၊ လိုက်ကာများ ကာရံခြင်းဖြင့် အကာအကွယ် ယူ၍ ဒုစရိုက်မှုများ ကျူးလွန်ခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် ၁၉၉၈ ခုနှစ် ဧပြီလမှစ၍ ထိရောက်သောဒဏ်ငွေများ သတ်မှတ်ပြီး အရေးယူခြင်းများ ဆောင်ရွက်ခဲ့သဖြင့် စတစ်ကာကပ်ခြင်းများ ရပ်တန့်သွားခဲ့ပါသည်။ သို့သော် ယခုအခါ အချို့ယာဉ်များသည် မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကို လျစ်လျူရှု၍ စတေကာများ၊ လေစုပ်ခွက်များ၊ လိုက်ကာများ ပြန်လည်တပ်ဆင်ကာ စည်းကမ်းချိုးဖောက်လျက်ရှိကြောင်း တွေ့ရှိနေရပါသည်။**

**သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းအတွင်း စတစ်ကာများ၊ လေစုပ်ခွက်များနှင့် လိုက်ကာများ ကာရံခြင်းများ ပြုလုပ်မောင်းနှင်လျက်ရှိသည့် မော်တော်ယာဉ်များအား ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှိုးဆော်အပ်ပါသည်။**

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားများတက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၀

**မကွေးတိုင်း နတ်မောက်မြို့နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် မူကြိုအရွယ်ကလေးများအတွက် အာဟာရအစားအစာချက်ပြုတ်ပြိုင်ပွဲဖွင့်ပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ ခန်းမဒွန်ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စမ်းစမ်းမြင့်နှင့် အဖွဲ့ဝင်များ၊ တိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်ဝင်းနှင့် အထူးကုဆရာဝန်ကြီးများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အစီအစဉ်အရ တိုင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စမ်းစမ်းမြင့်က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ဆေးရုံဝင်းအတွင်း စိုက်ထူထားရှိသည့် အာဟာရဖြစ်စေသည့် အစာအုပ်စု သုံးခု ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အဖွဲ့ဝင်များသည် မူကြိုကလေးများအတွက် အာဟာရဖြစ်စေသည့် အစားအစာချက်ပြုတ်ပြိုင်ပွဲ ယှဉ်ပြိုင်မှုအခြေအနေကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ၂၀၀၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဒေါ်စမ်းစမ်းမြင့်နှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး နတ်မောက်မြို့ တမာပင် မူကြိုမှ ကလေးငယ် ၃၂ ဦးအား အာဟာရကျွေးမွေးမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဆေးရုံခန်းမဒွန် ကျင်းပရာ တိုင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စမ်းစမ်းမြင့်က အမှာစကားပြောကြားပြီး တိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်ဝင်းနှင့် အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ အသီးသီးဆွေးနွေးဟောပြောကြ၍ အဖွဲ့ဝင်များက ကိုယ်ဝန်ဆောင်မိခင် ၆၀ တို့အား သံဓာတ်အားဆေးနှင့် အိုင်အိုဒင်းဆားများ ဝေငှပေးအပ်ကြ သည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် အဆိုပါခန်းမဒွန် သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲနှင့် အာဟာရကျွေးမွေးခြင်း အခမ်းအနားကို ဆက်လက်ကျင်းပပြီး ဒေါ်စမ်းစမ်းမြင့်နှင့် အဖွဲ့ဝင်များက အသက်(၈၀)နှင့်အထက် အဘိုးအဘွား ၂၈ဦးတို့အား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကြပြီး အဘိုးအဘွားများအား နေ့လယ်စာဖြင့် ကျွေးမွေးပြုစုကြသည်။

ဆက်လက်၍ အဖွဲ့ဝင်များသည် နတ်မောက်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်ထားရှိသည့် အခြေခံစက်ချုပ်သင်တန်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း ညှိနှိုင်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**

ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ပြည်သူလူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းအတွင်းရှိ အေအိုင်ဒီအက်စ်၊ တီဘီ၊ အခြား နာတာရှည်ရောဂါလူနာများနှင့် မိသားစုများအတွက် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းညှိနှိုင်းပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာဒေါ်သက်သက်ဇင်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊မြန်မာနိုင်ငံသူနာပြုအသင်း၊ ကျန်းမာရေးဦးစီးဌာန ပြည်ထောင်စုအဆုတ်ရောဂါကုဌာန၊ အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာန၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းပွဲတွင် ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်း ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအခြေအနေများကို လည်းကောင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မြင့်က ရန်ကုန်တိုင်းအတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးလုပ်ငန်း စီမံချက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ကျန်းမာရေးလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲအတွင်းရေးမှူး ဒေါက်တာဒေါ်ခင်မာအေးက ပြည်နယ်နှင့် တိုင်းများအတွင်း စီမံချက်များအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အေအိုင်ဒီအက်စ်ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦးက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ဖွဲ့စည်းပုံနှင့် ပြည်သူလူထု ကျန်းမာရေးလိုအပ်ချက်စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြန်မာနိုင်ငံသူနာပြုအသင်းအတွင်းရေးမှူး ဒေါ်ယဉ်မြက အိမ်တွင်းလူနာပြုစု စောင့်ရှောက်မှုနည်းများကို လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ကျော်ညွန့်က မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု အခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များသည် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ရပ်ကွက်နှစ်ခုသို့ ကွင်းဆင်း၍ အေအိုင်ဒီအက်စ်ရောဂါ အပါအဝင် တီဘီရောဂါနှင့် အခြားနာတာရှည်ရောဂါဝေဒနာရှင်များအား ပြုစုစောင့်ရှောက်မှုလုပ်ငန်းအနေဖြင့် ဆေးတိုက်ကျွေးခြင်း၊ အာဟာရအတွက် အစားအသောက်နှင့် ဆေးများပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ အိပ်ချ်အိုင်ဗွီရောဂါပိုးရှိ ကိုယ်ဝန်ဆောင် အမျိုးသမီးများအား ကိုယ်ဝန်စောင့်ရှောက်မှုပုံမှန်စစ်ဆေးမှုခံယူရန် ကျန်းမာရေးပညာပေးခြင်း၊ အိပ်ချ်အိုင်ဗွီရောဂါပိုးရှိနို့တိုက် မိခင်အား ကလေးကို မိခင်နို့တစ်မျိုးတည်းသာ စနစ်တကျတိုက်ကျွေးရန် ကျန်းမာရေး ပညာပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကြပြီး တီဘီရောဂါလူနာများအား ဆေးဝါးများ ရက်ပျက်မရှိ စနစ်တကျ သုံးစွဲရေးနှင့် မိသားစုများအားရောဂါကူးစက်မှု မရှိစေရန်အတွက် နေထိုင်တတ်ရန် ပညာပေးခြင်းနှင့် ကျန်းမာရေးဆေးပေးခြင်း၊ သံဓာတ်အားဆေးများ၊ ဖောလစ်အက်စစ်အားဆေးများ ပေးဝေခြင်းများ ဆောင်ရွက်ကြသည်။

လူမှုရေးအသင်းအဖွဲ့ဝင်များကလည်း လူနာများအား ဆေးရုံ၊ဆေးပေးခန်းသို့ ညွှန်ပို့ကူညီခြင်း၊ အာဟာရအတွက် အစားအသောက်များ ကူညီပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ မိသားစုများအနေဖြင့် လူနာများအား စနစ်တကျ ပြုစုစောင့်ရှောက်တတ်အောင် အကျိုးရှိစွာ နေထိုင်တတ်ရန်နှင့် ထပ်ဆင့်ရောဂါများ ကူးစက်မှုမရှိအောင်နေထိုင်ရန် ပညာပေးခြင်း၊ အားပေးကူညီစောင့်ရှောက်ခြင်း၊ လူမှုရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ရောဂါဝေဒနာရှင်များနှင့် မိသားစုများအတွက် ပညာပေးလက်ကမ်းစာစောင်များ၊ ပိုစတာများ၊ စာအုပ်များဖြန့်ဝေပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အေအိုင်ဒီအက်စ်၊ တီဘီ၊ အခြား နာတာရှည်ရောဂါလူနာများနှင့် မိသားစုများအတွက် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းညှိနှိုင်းပွဲတွင် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့် အမှာစကားပြောကြားစဉ်။ (ကျန်းမာရေး)

# ဘောလုံးနည်းပြဆရာ သင်တန်းဖွင့်ပွဲနှင့် အားကစားနည်းပြ သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**

အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် AFC “C”Certificate Coaching Courseဘောလုံးနည်းပြဆရာသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၅ရက် နံနက် ၈နာရီတွင် အမျိုးသား ဘောလုံးလေ့ကျင့်ရေးစခန်း သုဝဏ္ဏာ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ယင်းနောက် အာရှဘောလုံးအဖွဲ့ချုပ် သင်တန်းနည်းပြဆရာ Mr. Pour Nemat Noudehi Ardeshir က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံပညာကာယဆရာ၊ ဆရာမများအားကစားနည်းပြသင်တန်းအမှတ်စဉ်(၁၄) ဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၅ရက် နံနက်၉နာရီတွင် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး လေ့ကျင့်ရေးထူးချွန်ဆု၊ စာပေထူးချွန်ဆုနှင့် သင်တန်းသား စံပြဆုရ သင်တန်းသားများကို ဆုများချီးမြှင့်၍ သင်တန်းဆင်းလက်မှတ်များကို ကိုယ်စားလှယ်များထံ ပေးအပ်သည်။ (သတင်းစဉ်)

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်နှင့် မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်တို့ သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်ယန္တရားများ ကြံ့ခိုင်မှုရှိ မရှိမှုကို စက်တင်ဘာ ၅ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## ကြေးမုံ The Mirror အင်တာနက်သတင်း

# မိကျောင်းမုဆိုးကြီးအာဝင် အမှတ်တရအခမ်းအနားကျင်းပ

ဆစ်ဒနီ စက်တင်ဘာ ၂၀

**မိကျောင်းဖမ်းသမား မိကျောင်းမုဆိုးအဖြစ်ကျော်ကြားသော စတိဗ်အာဝင် ကွယ်လွန်ခြင်းအတွက် အမှတ်တရဆုတောင်းပွဲ ကျင်းပခဲ့ကြသည်။ ၎င်းသည် သြစတြေးလျ တိရစ္ဆာန်ရုံလောကတွင် လူသိများသလို အမေရိကန်ဟောလီဝုဒ်ရုပ်ရှင်များတွင်လည်း ထင်ရှားသူဖြစ်သည်။**

၎င်းအတွက်ရည်စူးပြုလုပ်သော အောက်မေ့ဖွယ်ဆုတောင်းပွဲတွင် ဟောလီးဝုဒ်ရုပ်ရှင်လောကမှထင်ရှားသူများဖြစ်သည့် ရပ်ဆယ်ခရိုးနှင့် ကင်မရွန်ဒီယာ့က်တို့က အမှတ်တရစကားများ ပြောကြားခဲ့သည်။ ထိုနည်းတူ သြစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောင်းဝဒ်ကလည်း ချီးကျူးစကား ပြောကြားသည်။

ယနေ့အခမ်းအနားတွင် အာဝင်နှင့် လက်ပွန်းတတီးရင်းနှီးသူ သြစတြေးလျ တိရစ္ဆာန်ရုံမှ ဝစ်မီနီနွန်လည်း တက်ရောက်ခဲ့သည်။ မိကျောင်းရန်မှ ၎င်း၏အသက်ကို အာဝင်က ကယ်တင်ခဲ့သည့်အဖြစ်ကို ပြန်ပြောင်းပြောပြခဲ့သည်။

စတိဗ်အာဝင်၏ ဇနီး တယ်ရီအာဝင်၊ သမီးငယ် ဘင်ဒီနှင့် သားငယ် ဘော့ဗ်တို့လည်း အခမ်းအနားသို့ အလုပ်ခွင်ဝတ်စုံဖြစ်သော ကာကီရောင်ဝတ်စုံကို ဆင်တူဝတ်ဆင်၍ တက်ရောက်လာခဲ့ကြသည်။

အာဝင်အတွက်အောက်မေ့ဖွယ်ရာအခမ်းအနားကို ၎င်း၏မိကျောင်းပြပွဲများကျင်းပလေ့ရှိရာ ရေကန်အနီးတွင် ပြုလုပ်ခဲ့သည်။

မိကျောင်းမုဆိုးအဖြစ်လူသိများသော တိရစ္ဆာန်ချစ်သူအာဝင်၏ အမှတ်တရဆုတောင်းပွဲကျင်းပသည့် မြင်ကွင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

**“တိရစ္ဆာန်ပြပွဲများတွင် လူများကိုသရုပ်ဆောင်များအဖြစ် ရှုမြင်တတ်ကြသည်။ အမှန်မှာ ပြသသူများသည် အဓိကသရုပ်ဆောင်များမဟုတ်ကြ၊ ပါဝင်သောတိရစ္ဆာန်များသည်သာ ဇာတ်လိုက်များဖြစ်ကြသည်”** ဆိုသောစကားမှာ အာဝင်ပြောနေကျလက်သုံးစကားပင်ဖြစ်သည်။

အခမ်းအနားတွင် ရှစ်နှစ်အရွယ်သမီးကလေးဘင်ဒီကိုတွေ့မြင်ကြရသောအခါ ပရိသတ်များမှာ စိတ်မကောင်းဖြစ်ကြရသည်။ ဘင်ဒီကလေးသည် အဖေ့ခြေရာကိုနင်းမည့် အဖေတူသမီးကလေးပင်ဖြစ်သည်။ ယခုအရွယ်၌ပင် သူမပါဝင်သရုပ်ဆောင်သော ရုပ်သံဇာတ်လမ်းတစ်ခုကို ထုတ်လွှင့်ပြီးဖြစ်သည်။

စတိဗ်အာဝင်အမှတ်တရ ဆုတောင်းပွဲကျင်းပရာ၌ အာဝင်ပါဝင်ခဲ့သော မိကျောင်းများ၊ မြွေများ စသည့် တိရစ္ဆာန်များနှင့် စွန့်စွန့်စားစားရိုက်ကူးထားသော ဇာတ်လမ်းများကိုလည်း ကြားဖြတ်ပြသပေးခဲ့သည်။ ထိုအစီအစဉ်များကြောင့် ပရိသတ်များအနေဖြင့် မိကျောင်းဖမ်းသမားကြီး အာဝင်၊ တိရစ္ဆာန်ချစ်သူ အာဝင်ကို ပို၍သတိရနမြောတသ ဖြစ်ကြရသည်ဟုဆိုသည်။

***အင်တာနက်။***

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် လေကြောင်းခရီးဖြင့် ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

# ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၂၀

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာနားလည်မှု တည်ဆောက်ရေးအသင်း** (Chinese Association for International Understanding -CAFIU) **၏ဖိတ်ကြားချက် အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ထွက်ခွာသွားသည်။**

မြန်မာကိုယ်စားလှယ် အဖွဲ့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်နိုင်၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ကျော်ထွန်း၊ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမျိုးညွန့်၊ ကချင်ပြည်နယ် မိုးညှင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ထွန်းဦးနှင့် ကယားပြည်နယ် ရှားတောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောယောသပ်ဦးတို့ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

# ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား တက်ရောက် အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၀

**ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးသည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ကျင်းပသော နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရာ အစီအစဉ်အရ ကျောင်းသား၊ ကျောင်းသူများက တို့အင်တို့အားသီချင်းဖြင့်သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဗိုလ်မှူးကြီးခင်ကြူးက အမှာစကားပြောကြားသည်။**

ဆက်လက်၍ ပြည်နယ်ပညာရေးမှူး ဦးအန်းကူက လူတိုင်းအတွက်ပညာရေးနှင့် လူတိုင်းအတွက် စာတတ်မြောက်ရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး သံတောင်မြို့နယ်မှ ကိုယ်အင်္ဂါမသန်စွမ်းသူ ကျောင်းသားနှစ်ဦးအား ပြည်နယ်ဥက္ကဋ္ဌက ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ကလည်းကောင်း၊ စာတတ်မြောက်ရေးလုပ်ငန်းများတွင် ပညာရေးဌာနနှင့် အတူတကွစွာ ပါဝင်ခဲ့သော အဖွဲ့အစည်းများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်၍ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် ဖျော်ဖြေ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**အားဆေးများဝေငှ**

ယင်းနောက် ဗိုလ်မှူးကြီးခင်ကြူးသည် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသော အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်ကျန်းမာရေး ဦးစီးဌာနဦးစီးမှူး ဒေါက်တာငွေးနောင်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး ပြည်နယ် ဥက္ကဋ္ဌနှင့် ဇနီးတို့က ကလေးငယ်များအား ဗီတာမင်အေဆေး တိုက်ကျွေး၍ ကိုယ်ဝန်ဆောင် မိခင်များအား သံဓာတ်အားဆေးများ ဝေငှပေးသည်။

စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ဗိုလ်မှူးကြီးခင်ကြူးသည် ဘားအံမြို့ ပညာရေးကောလိပ်၌ သန့်ရှင်းရေး လုပ်ငန်းများ စုပေါင်းဆောင်ရွက်နေသော နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးကောလိပ် ဆရာ၊ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများအား နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌသည် ဘားအံမြို့နယ် မိဖကျေးရွာအနီးရှိ နှစ်ရှည်ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူသီးညှပ်ဧက ၄၀၀အတွင်း ပြောင်းစိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ် အစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၀၆ ခုနှစ် ကမ္ဘာ့ရေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားကို တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာငွေးနောင်က အမှာစကားပြောကြားပြီး စွမ်းရည်ပြိုင်ပွဲနှင့် သင်တန်းထူးချွန်ဆုရရှိသူများအား ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ သမိုင်းဝင်ကျိုက်သုတ် ဆံတော်ရှင်စေတီမြတ်ကြီး၏ ပရိဝုဏ်အတွင်း အရံစေတီတော်များ ပြုပြင်တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၇ ရက်က ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ဓမ္မာရုံတွင် ကျင်းပရာ မန္တလေးမြို့နေ ဒေါ်ပြုံးပြုံး (လူပုံတော်တံဆိပ်ရွှေဆိုင်း) မိသားစုက ငွေကျပ် ၈၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော် လက်ခံရယူစဉ်။** (၂၅၇)

# တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**

၂၀၀၆ခုနှစ် (၂၂)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလားအသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ၏ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် နယ်ဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(က)အုပ်စု ရတခဇုန် (မော်လမြိုင်) ရာမည အားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် တပ်မတော် (လေ)အသင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

(ခ)အုပ်စု နတခဇုန် (ပုသိမ်) ရောဝတီတိုင်း အားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ) နမခ အားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းက အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို ငါးဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ (ဃ)အုပ်စု လပခဇုန် (မန္တလေး) ဗထူးအားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် အသင်းက အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်သင်းကို လေးဂိုး–တစ်ဂိုးဖြင့် လည်းကောင်း၊ (င)အုပ်စု တပခဇုန်(တောင်ငူ) တပခ အားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်အသင်းက တပ်မတော် (ရေ)အသင်းကို ငါးဂိုး–တစ်ဂိုး ဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၉-၂၀၀၆ (ကြာသပတေးနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇း၀၅ | မြတ်ဗုဒ္ဓ၏မဟာဗုဒ္ဓဝင် |
| ၇း၂၅ | တေးဂီတအစီအစဉ် |
| ၇း၃၀ | ယနေ့သိပ္ပံနှင့်နည်းပညာ |
| ၇း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၇း၅၀ | အာဆီယံအစားအစာပွဲတော်သို့ တစ်ခေါက် |
| ၈း၀၀ | တေးဂီတအစီအစဉ် |
| ၈း၀၅ | ဉာဏ်ရည်မြင့်မား(၄)နှစ်သား |
| ၈း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈း၃၅ | ဘော်ဘင်ရေလှောင်တမံ |
| ၈း၄၅ | တေးဂီတအစီအစဉ် |
| ၈း၅၀ | ကလေးတို့အတွက်လက်ဆောင် (ဆင်ရုပ်နှင့်အသည်းပုံ လက်ပတ်ခေါက်နည်း) |
| ၉း၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၉း၁၀ | Language Lab: [အထက(၁)(ဒဂုံ)] |
| ၉း၄၀ | တေးဂီတအစီအစဉ် |
| ၉း၄၅ | အရသာတစ်မူထူးခြားကိုရီးယားအစားအစာများ (ကင်မ်ချီ၊ ကြက်ဥမွှေကြော်) |
| ၉း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၀၀ | MR & MS Quench 2006 (ပထမပိုင်း) |
| ၁၀း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀ | ထူးမြတ်သာသနာ သဲအင်းဝိပဿနာ |
| ၁၀း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅ | သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (ဒုစရိုက်တရားမြဲရှောင်ရှား) |
| ၁၀း၅၅ | တေးဂီတအစီအစဉ် |
| ၁၁း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၀၅ | သူတို့ပြောတဲ့သူတို့အကြောင်း (ကာတွန်းစိုးစံဝင်းနှင့် တွေ့ဆုံခြင်း) |
| ၁၁း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ | အသည်းရောင်အသားဝါ 'စီ' ရောဂါပိုးကို ကုသနိုင်သောနည်းလမ်းများ (အပိုင်း–၁) (ဒေါက်တာခင်မောင်ဝင်း) |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

# စီးပွား/ ကူးသန်းက လယ်/ ဆည်ကို နိုင်

**ရန်ကုန် စက်တင်ဘာ ၂၀**

၂၀၀၆–၂၀၀၇ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်း အသင်းက လယ်/ဆည်အသင်းကို လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

**စီးပွား/ကူးသန်းအသင်း လေးဂိုး**
(မျိုးမင်းထွန်း–နှစ်ဂိုး၊ စထက်နိုင်ဝင်းနှင့် ဇော်လင်းထွန်း–တစ်ဂိုးစီ)

**လယ်/ဆည်အသင်း နှစ်ဂိုး**
ခင်မောင်လွင်(ပယ်နယ်တီ)

**ဒိုင်လူကြီး ဦးဝင်းဦး**

မင်းသူ၊ ဇော်လင်းထွန်း၊ အောင်မျိုးသန့်၊ မိုးဝင်း၊ မျိုးမင်းထွန်းတို့ဖြင့် လူစုံပါဝင်လာသည့် စီးပွားကူးသန်းအသင်းမှာ ပထမပွဲ၌ အသင်းကြီးစွမ်းအင်ကို အနိုင်ရထား၍ စိတ်ဓာတ်တက်နေသော လယ်/ဆည်အသင်း၏ ကစားပုံကြောင့် အားကုန်ထုတ် ကစားခဲ့ရသော်လည်း သုံးမှတ်အပြည့် ရယူနိုင်ကာ နိုင်ပွဲဆက်ခဲ့သည်။ မာဒေးကားချန်ပီယံ မြန်မာအသင်းတွင် ပါဝင်ခြေစွမ်းပြကစားခဲ့သည့် ခင်မောင်လွင် ဦးဆောင်လာသော လယ်/ဆည်အသင်းမှာ အသင်းကြီးတစ်သင်းဖြစ်သည့် စီးပွား/ကူးသန်းနှင့် ထပ်မံရင်ဆိုင်ရပြီး နိုင်ပွဲဆက်ရန်ကြိုးစားသော်လည်း မျှော်လင့်သလို စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ပေ။ ပထမပိုင်းတွင် တစ်ဂိုးစီသရေကျနေပြီး ဒုတိယပိုင်းတွင် စီးပွား/ကူးသန်းက သုံးဂိုး ထပ်မံသွင်းယူပြီး လယ်/ဆည်က တစ်ဂိုးသာ ပြန်သွင်းနိုင်၍ ပွဲအပြီးတွင် စီးပွား/ကူးသန်းက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**ယနေ့ပွဲ**

ညနေ ၃နာရီခွဲ

**(အောင်ဆန်းကွင်း)**

ပြည်ထဲရေး နှင့် ပို့ဆောင်ရေး

**(သုဝဏ္ဏကွင်း)**

သစ်တောရေးရာ နှင့် စွမ်းအင်

(ကြေးမုံ)

ဇီဝမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## စုပေါင်းဓာတ်မြေသြဇာ ကြဲပက်ပွဲနှင့် ကြားပေါင်းလိုက်တမန်းနှီးပွဲ ကျင်းပ

တပ်ကုန်း စက်တင်ဘာ ၇

**တပ်ကုန်းမြို့နယ်၏ စုပေါင်းဓာတ်မြေသြဇာကြဲပက်ပွဲနှင့် ကြားပေါင်းလိုက်တမန်းနှီးပွဲ အခမ်းအနားကို တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာအုပ်စု ရှောက်ကုန်းကျေးရွာ ကွင်းအမှတ် (၁၄၁၁ ခ)ကွင်းရှိ ယာယီမဏ္ဍပ်တွင် ဩဂုတ် ၂၆ ရက် နံနက်က ကျင်းပသည်။**

အခမ်းအနားသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်အထူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ္တဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စုများမှ တောင်သူလယ်သမားများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါး စိုက်ပျိုးပြီးစီးမှု အခြေအနေများကို တင်ပြရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကွင်းအမှတ် (၁၄၁၁ ခ) အတွင်း စပါးစိုက်ခင်းများအား စုပေါင်းဓာတ်မြေသြဇာ ကြဲပက်ခြင်း၊ ကြားပေါင်းလိုက်ခြင်း တမန်းနှီးပွဲများ လိုက်လံကြည့်ရှု အားပေးကြသည်။

တပ်ကုန်းမြို့နယ်အနေဖြင့် ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါး ၅၇၀၂၈ ဧကလျာထားဆောင်ရွက်လျက်ရှိရာ ၅၅၆၇၄ ဧက စိုက်ပျိုးပြီးဖြစ်၍ ၉၆ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## သီးနှံစုံစိုက်ပျိုး

**ကာမိုင်း စက်တင်ဘာ ၁၄**

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် အဖွဲ့ တာဝန်ခံ ဦးဆန်းအောင်၏ အနီးကပ်ကြီးကြပ်မှုဖြင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအေးဇော်မြင့်နှင့် ဝန်ထမ်းများစုပေါင်း၍ ဩဂုတ် ၂၂ ရက်က အဖွဲ့ပိုင် စိုက်ပျိုးရေးခြံနှင့် ဝန်ထမ်းအိမ်ရာဝင်းအတွင်းတို့၌ ဘူး၊ ငရုတ်၊ ခရမ်း၊ ချဉ်ပေါင်၊ မုန်ညင်းစသည့် မိုးဖိုဆောင်သုံး သီးနှံစုံများ စိုက်ပျိုးကြသည်။ **(၄၉၉)**

## ခရိုင်ဥက္ကဋ္ဌပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပညာရေးဆိုင်ရာမှာကြား

**မြဝတီ စက်တင်ဘာ ၁၄**

ကရင်ပြည်နယ် မြဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မော်မော်သည် စက်တင်ဘာ ၃ရက်က မြဝတီမြို့ သောင်ရင်းခန်းမ၌ ပညာရေးဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးသန်းတင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ္တဥက္ကဋ္ဌ ဦးစောချစ်သန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဒေါ်မြမြသီနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။ ထို့နောက် မြဝတီမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ကျပ်နှစ်သိန်းခွဲခန့်တန်ဖိုးရှိ ကွန်ပျူတာတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို မြဝတီမြို့မှ အလှူရှင်ဒေါ်သက်သက်က လှူဒါန်းရာ မြဝတီအထက ကျောင်းအုပ်ဆရာကြီး ဦးတင်အုန်းက လက်ခံရယူကြောင်း သိရသည်။

**(အောက်ပုံ) (ခရိုင်ပြန်/ဆက်)**

## ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးပညာပေး ကွင်းဆင်းဆောင်ရွက်

မြိတ် စက်တင်ဘာ ၁၀

**တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ကြီးမှူး၍ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးပညာပေး ကွင်းဆင်းဆောင်ရွက်ခြင်းကို စက်တင်ဘာ ၂ရက် နံနက် ၈ နာရီက မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု ရှမ်းချောင်းဝန်ထမ်းရပ်ကွက်တွင် ကျင်းပသည်။**

အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်သန်းဌေး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် တပ်မတော်အရာရှိများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြပြီး ရပ်ကွက်အတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေးပူးပေါင်း ပါဝင်ဆောင်ရွက်ကြသည်။

**ဖြန့်ဝေပေး**

ယင်းနောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သန်းဌေးက ချို့တဲ့အိမ်ထောင်စု ၁၀ စုအား ပလတ်စတစ် အိမ်သာခွက်များကို လည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်နှင့် အမှုဆောင်များက ဆေးစိမ်ခြင်ထောင်နှင့် အိုင်အိုဒင်းဆားထုပ်များကို လည်းကောင်း ဖြန့်ဝေပေးကြသည်။

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ဦးဆောင်၍ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ) (တိုင်းပြန်/ဆက်)**

**လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် လှိုင်လင်-တောင်ကြီးပြည်ထောင်စုလမ်းမကြီးရှိ တြိဂံပန်းအလှအုတ်ခုံများတွင် မြေယာရှုခင်းအလှဆင်ခြင်းလုပ်ငန်းကို အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိုင်းနုတို့ ကြီးကြပ်ဆောင်ရွက်စဉ်။**

(နယ်စပ်စည်ပင်)

**ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၆ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်ဝင်းထွဋ်တို့ ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်/ပြန်ဆက်)

## ကြက်ဆူပင်စုပေါင်း စိုက်ပျိုးပွဲ ကျင်းပ

**ထားဝယ် စက်တင်ဘာ ၁၀**

ထားဝယ်ခရိုင် ထားဝယ်မြို့နယ် ကနိုင်းဒါကျေးရွာနှင့် ကဒင်ဝကျေးရွာ ဆက်သွယ်ထားသော ကျေးရွာချင်းဆက် လမ်းဘေးဝဲ၊ ယာနှင့် မြေလွတ်မြေလပ်များတွင် ကြက်ဆူပင်စုပေါင်း စိုက်ပျိုးပွဲကို စက်တင်ဘာ ၁၀ရက် နံနက် ၇ နာရီက ကျင်းပသည်။

ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးလှမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ကနိုင်းဒါကျေးရွာနှင့် ကဒင်ဝကျေးရွာတို့မှ ဒေသခံပြည်သူများစုပေါင်း၍ ကြက်ဆူပင် ၆၀၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးကြသည်။**(အောက်ပုံ)**

**(မြို့နယ်ပြန်/ဆက်)**

## မြို့နယ်ဖွံ့ဖြိုးရေး သတင်းများ

## မိုးညိုမြို့နယ်အတွင်း ကွင်းဆင်းစစ်ဆေး

**မိုးညို စက်တင်ဘာ ၁၁**

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်သည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၁ ရက်က မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော မြို့ပြ၊ ကျေးလက် လမ်း၊ တံတား ရေပေးရေး လုပ်ငန်းများနှင့် စိမ်းလန်းစိုပြည်ရေး အတွက် အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားမှုကို စက်တင်ဘာ ၁၁ ရက်က ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်မိုးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်လှအောင်တို့က ရှင်းလင်းပြသခဲ့သည်။ **(မြို့နယ်စည်ပင်)**

**စစ်ဆေး**

**ချင်းပြည်နယ် ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတမ်အောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းဆန်းတို့ စက်တင်ဘာ ၅ ရက်က မြို့တွင်း ရေနုတ်မြောင်းများ ပြင်ဆင်မှုတို့ကို စစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)

## ပေးအပ်လှူဒါန်း

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ကွယ်လွန်သူဖခင်ကြီး ဦးပွင့်နှင့် ခင်ပွန်းဖြစ်သူ ဦးညီဆယ်အားရည်စူး၍ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ဝါယာလက် ပလရအိမ်ခြေ ၅၀ (၁)လမ်းမှ ဒေါ်ယဉ်နုနှင့် သား၊ သမီး၊ မြေးတစ်စုက အလှူတော်ငွေကျပ် ၁၂၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူဆောင်ဆရာတော် ဦးဝိနယ (ဝံသမေဒနီစာသင်တိုက်)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ကွယ်လွန်သူ ဦးစိန်ဝင်းအားရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ရွှေတောင်ကြား(၁)နေ ဒေါ်တင်တင်(တင်ချိုဝင်း မိသားစု)က အလှူတော်ငွေကျပ် တစ်သိန်းလှူဒါန်းရာ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူဆောင်ဆရာတော် ဒေါက်တာ အရှင်သောပါက ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။** (ကြေးမုံ)

## ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၀**

မွန်ပြည်နယ် ကျိုက္ခမီမြို့ သမိုင်းဝင် ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးကော်မတီက ကြီးမှူး၍ တတိယအကြိမ် ဆီမီး ၉၀၀၀ ပူဇော်ပွဲနှင့် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား ဆွမ်းသပိတ်တော်စုပေါင်းမျှော ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို အောက်တိုဘာ ၆ရက် (သီတင်းကျွတ်လပြည့်နေ့)နံနက် ၄ နာရီတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းစိန်၊ ဦးလှကြည်တို့ထံ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

**မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ် သိန်းသုံးရာကျော်အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သည့် သိမ်အဆောက်အအုံသစ်အတွက် စက်တင်ဘာ ၁၆ ရက်က မော်လမြိုင်မြို့ ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် သာသနာပြု နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တ ဝိမလထံ အသက်(၇၇)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဘိုကုန်းရပ်ကွက်၊ တနင်္သာရီလမ်းနေ အလှူရှင် ဒေါ်ယဉ်ဝါ ငွေကျပ်နှစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)

## မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲ အစီအစဉ်အရ စက်တင်ဘာ ဂေါက်ရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၂၄ရက် နံနက် ၅နာရီခွဲတွင် မြန်မာနိုင်ငံ ဂေါက်ကွင်း (၉)မိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက် ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပေးအပ်လှူဒါန်း

**ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော် ဘက်စုံတည်ဆောက်ရေးအတွက် (၇)အနောက်ရပ်ကွက် အောင်စကြာမိုးကုတ်ဝိပဿနာရိပ်သာ၏ ဦးစီးပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)က အလှူတော်ငွေကျပ် ၂၇၈၂၅၀ကို ပေးအပ်လှူဒါန်းရာ ဆရာတော်၏ကိုယ်စား ဦးလှအောင်(စာရင်းစစ်)နှင့် ဦးမြရွှေတို့က ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်းထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

## မဟာစည်ဓမ္မဗိမာန်ကြီး တည်ဆောက်ရေး ရွှေပုစွန်မိသားစုမှ ငွေကျပ် သိန်း ၅၅၀ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၀**

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ သီရိသုဓမ္မမဏိဇောတဓရ ဦးပွင့်ကောင်းအား ရည်စူး၍ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ခင်နွဲ့ရီနှင့် သား ဒေါက်တာဦးတင့်စိုးလင်း၊ သမီး ဒေါ်ပွင့်မာခိုင်၊ သား၊ သမီး၊ မြေး၊ မြစ်များ(ရွှေပုစွန်မိသားစု)တို့က ဩဂုတ် ၁၄ ရက်က မဟာစည်သာသနာ့ရိပ်သာ မဟာစည်စံကျောင်းတော်၌ ဩဝါဒါစရိယဆရာတော်နှင့် နာယကဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မဟာစည် ဓမ္မဗိမာန်တော်ကြီးအတွက် စတုတ္ထအကြိမ် ငွေကျပ် သိန်း ၅၅၀ လှူဒါန်းသည်။ **(ဝဲပုံ)**

ဓမ္မဗိမာန်တော်ကြီးအတွက် စုစုပေါင်း ငွေကျပ် ၂၀၅၁ သိန်း လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

## မိုက်တီးလေးများ မြန်မာဇာတ်ကားသစ် သောကြာနေ့တွင် ရုံတင်ပြသမည်

**ရုပ်ရှင်**

**ရန်ကုန် စက်တင်ဘာ ၂၀**

ယခုလာမည့် သောကြာပတ် စက်တင်ဘာ ၂၂ရက်တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ် တစ်ကားဖြစ်သည့် **မိုက်တီးလေးများ** ဇာတ်ကားသစ် မြို့လယ်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ပြီး ပြသဆဲ **မျှော်လင့်ခြင်းများစွာ** မြန်မာဇာတ်ကားလည်း ရှေ့ဆောင်ရုံတွင် ဆက်လက်ပြသမည်ဖြစ်သည်။

**မိုက်တီးလေးများ**

လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ဝတ္ထုနှင့် ဇာတ်ညွှန်း ဂေါက်ကြီး ရေးသားပြီး ဒါရိုက်တာမိုက်တီး ရိုက်ကူးသည့် **မိုက်တီးလေးများ** ဇာတ်ကားမှာ ဘဝသရုပ်ဖော်ဇာတ်ကား တစ်ကားဖြစ်ပြီး စရိုက်တစ်မျိုးစီရှိကြသည့် သားလေးယောက် မွေးထားသော မိခင် မုဆိုးမတစ်ဦး၏ ဘဝဇာတ်လမ်းကို ဒါရိုက်တာက ရုပ်ရှင်အနုပညာဖြင့် ပရိသတ်အကြိုက် ဖန်တီးရိုက်ကူးထားသော ဇာတ်ကားကောင်း တစ်ကားဖြစ်သည်။

သားဆိုးများ၏ ဒဏ်ကြောင့် စိတ်ဆင်းရဲရသည့် မိခင်ကြီး၏ ဒုက္ခအဖုံဖုံကို ဝမ်းနည်းဖွယ်အဖြစ်နှင့် တစ်ဖုံ၊ ဟာသရောစွက်၍ တစ်နည်း ရုပ်ရှင်ကြည့် ပရိသတ်ကြီး တဝါးဝါးဖြင့် ရယ်ရွှင်ဖွယ်ဖြစ်စေရန် ဒါရိုက်တာက ရိုက်ကူးထားသည်။ ထို့အတူ ဇာတ်လမ်းတွင် ပါဝင်ကြသည့် သရုပ်ဆောင်များကလည်း ကျရာဇာတ်ရုပ်မှ ပိုင်နိုင်စွာ သရုပ်ဆောင်ထားကြသည့် အတွက် ပရိသတ် အထူးနှစ်ခြိုက်မည့် ဇာတ်ကား တစ်ကား ဖြစ်သည်။

ညွှန့်ဝင်း၊ လူမင်း၊ လွင်မိုး၊ ရာဇာနေဝင်း၊ မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်နှင့် နွဲ့နွဲ့မူတို့ ခေါင်းဆောင်ပါဝင်ထားကြပြီး သမ္မတ၊ သွင်၊ မင်္ဂလာရုံသုံးရုံတို့တွင် တစ်ပြိုင်တည်း ပြသမည်ဖြစ်သည်။

ရှေ့ဆောင်ရုံတွင် ပြသဆဲ မြန်မာဇာတ်ကားတစ်ကားဖြစ်သည့် **မျှော်လင့်ခြင်းများစွာ** ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။

**ယခုသောကြာပတ်တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ သုံးရုံ၌ တစ်ပြိုင်နက် ရုံတင်ပြသမည့် မိုက်တီးလေးများ ဆေးရောင်စုံဇာတ်ကားသစ်မှ ဇာတ်ဝင်ခန်းကို တွေ့ရစဉ်။**

**နိုင်ငံခြားရုပ်ရှင်**

နေပြည်တော်ရုံတွင် ဒါရိုက်တာ Bryan Signer ရိုက်ကူးသည့် Superman Returns ဇာတ်ကား ပြသမည်ဖြစ်သည်။ လူငယ်ကြိုက် လူစွမ်းကောင်း စူပါမင်း၏ဇာတ်လမ်းဖြစ်ပြီး ယခုဇာတ်လမ်းတွင် စူပါမင်းအဖြစ် မင်းသားသစ်တစ်ဦးက ပီပြင်စွာ သရုပ်ဆောင်ထားသည့် အတွက် စူပါမင်း ပရိသတ်ကြီး အနေဖြင့် မင်းသားသစ်၏ သရုပ်ဆောင်မှုကို အကဲဖြတ်နိုင်ကြမည်ဖြစ်သည်။

ရွှေဂုန်ရုံအပေါ်ထပ်တွင် The Real Mccoyလျှို့ဝှက်သည်းဖိုဇာတ်ကြမ်းကားကို သောကြာနေ့တွင် စတင်ပြသမည်ဖြစ်သည်။

**အိန္ဒိယရုပ်ရှင်**

ရွှေဂုန်ရုံ မြေညီထပ်တွင် အိန္ဒိယမြွေဇာတ်ကားကြိုက် ပရိသတ်များအတွက် Naag Maniပတ္တမြားစောင့်မြွေမောင်နှမ ဇာတ်ကားနှင့် မြို့မရုပ်ရှင်ရုံတွင် မင်းသားချော စူနီးရှက်တီးနှင့် ဆန်ဂျေးဒတ်၊ မင်းသမီးချော ဆီလ်ပါရှက်တီနှင့် အီရှာဒိုးတို့ ပါဝင်ကြသည့် Dus ဇာတ်ကားများ ပြသမည်ဖြစ်သည်။ (ကြေးမုံ)

## သဲကုန်းမြို့နယ်အသင်း ပညာရည်ချွန်ဆုပေးပွဲ

**ရန်ကုန် စက်တင်ဘာ ၂၀**

ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်း (ပုတီးကုန်း၊ သဲကုန်း၊ ဆင်မြီးဆွဲ၊ အင်းမ၊ ဝက်ပုတ်)ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အင်းမတပ်နယ်အထကခွဲ၊ ရွာလှ အထကခွဲတို့မှ ၂၀၀၆ ခုနှစ် မတ်လအတွင်း ကျင်းပခဲ့သော တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူများအား (၁၈)ကြိမ်မြောက် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၄ ရက်တွင် သဲကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ သဲကုန်းမြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူးကျင်းပမည်ဖြစ်သည်။ အလှူငွေလှူဒါန်းလိုသူများသည် ဦးအောင်မြို့ ဖုန်း–၀၁–၆၄၁၁၅၇၊ ဦးသာဦး ဖုန်း–၀၉–၅၁၀၃၀၈၆၊ ဦးတင်အုန်း ဖုန်း–၀၉–၅၁၂၁၉၇၃၊ ဦးဝမ်းမြင့် ဖုန်း–၀၉–၅၁၄၀၆၉၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)


## တီဘီရောဂါ သတိပြုကာကွယ်ပါ

- ရက်သတ္တပတ်(၃)ပတ်ကျော် ချောင်းဆိုးလျှင် –
- သလိပ်တွင် သွေးပါလျှင် –
- တငွေ့ငွေ့အဖျားတာရှည်လျှင် –
- တဖြည်းဖြည်း ပိန်ချုံးလာလျှင် –

***နီးစပ်ရာကျန်းမာရေးဌာနများတွင် တီဘီရောဂါရှိ–မရှိစစ်ဆေးပါ***

တီဘီလူနာများကို အစွမ်းထက်သောတီဘီဆေးများဖြင့် ပျောက်ကင်းသည်အထိ အခမဲ့ကုသပေးလျက်ရှိသည်။

အသေးစိတ် သိရှိလိုပါက အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း (ဖုန်း–၀၁–၃၈၀၉၅၁၊ ၃၈၀၉၅၂၊ ၃၈၀၉၅၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

**ကျန်းမာရေးဝန်ကြီးဌာန**

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဥရောပ ပညာရှင်ကိုယ်စားလှယ် သံအမတ်ကြီးနှင့်အဖွဲ့ တွေ့ဆုံ

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အား ဥရောပပညာရှင် ကိုယ်စားလှယ် သံအမတ်ကြီး **Dr. Christian Hauswedell** နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

**ရန်ကုန် စက်တင်ဘာ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းအား နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနက ကြီးမှူးကျင်းပသည့် " Workshop on Challenges and Prospects for the Future of ASEAN-EU Relations " မဟာဗျူဟာလေ့လာရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် ရန်ကုန်မြို့၌ရောက်ရှိနေသော ဥရောပပညာရှင်ကိုယ်စားလှယ် သံအမတ်ကြီး Dr. Christian Hauswedell နှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စု သမ္မတဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Mr. Dietrich Andreasတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

## ယနေ့မိုးလေဝသ

**၂၁-၉-၂၀၀၆**

**နေပြည်တော်**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**ရန်ကုန်**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**

**မန္တလေး**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

## မှတ်သားဖွယ်ရာမိုးရေချိန်များ

**၂၀-၉-၂၀၀၆**

**နေပြည်တော်နှင့် ပျဉ်းမနား**
၁ ဒသမ ၅၇ လက်မ
**စစ်တွေ**
၇ ဒသမ ၀၁ လက်မ
**မောင်တော**
၆ ဒသမ ၅၈ လက်မ
**ကျောက်ဖြူ**
၅ ဒသမ ၉၁ လက်မ
**တာချီလိတ်**
၅ ဒသမ ၂၀ လက်မ
**ဟားခါး**
၅ ဒသမ ၁၅ လက်မ
**ကျောက်တော်**
၄ ဒသမ ၉၂ လက်မ

**ပထမဦးဆုံး အမျိုးသမီးအာကာသခရီးသည် အင်နော့ရှ်အင်ဘာရီကို တွေ့ရစဉ်။**

## မြစ်ရေကြီးခြင်း သတိပေး

**ရန်ကုန် စက်တင်ဘာ ၂၀**

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆း၃၀နာရီအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၇၆၈စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်စင်တီမီတာ ၈၇၀သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

**အ င် တ ာ န က် အ ာ က ာ သ သိ ပ္ပံ သ တ င်း**

# ကမ္ဘာ့ပထမဆုံး အမျိုးသမီးအာကာသခရီးသည် အာကာသစခန်းယာဉ်ဆီသို့ ရောက်ရှိသွားပြီ

မော်စကို စက်တင်ဘာ ၂၀

**ပထမဦးဆုံးသော အမျိုးသမီးအာကာသခရီးသည် အင်နော့ရှ်အင်ဘာရီ လိုက်ပါသွားသော ရုရှားအာကာသယာဉ်သည် ယခုအခါအပြည်ပြည်ဆိုင်ရာအာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)နှင့် အောင်မြင်စွာချိတ်ဆက်မိသွားပြီဖြစ်၍အာကာသယာဉ်မှူးနှစ်ဦးနှင့် အာကာသခရီးသည်အမျိုးသမီးတို့မှာ အိုင်အက်စ်အက်စ်ယာဉ်အတွင်းသို့ ဝင်ရောက်သွားကြပြီဖြစ်သည်။**

၎င်းတို့အားလုံးကို အိုင်အက်စ်အက်စ်ယာဉ်မှ အိမ်ရှင်ယာဉ်မှူးများက ဝမ်းပန်းတသာကြိုဆိုကြသည်။ အင်ဘာရီနှင့်အတူလိုက်ပါသွားသော ယာဉ်မှူးများမှာ မိုက်ကယ်လိုပက်ဇ်အလစ်ဂ်ရီရာနှင့် မီခေးလ်တျူရင်တို့ဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် လက်ရှိအိုင်အက်စ်အက်စ်ယာဉ်တွင် တာဝန်ထမ်းနေသူများနှင့် လူချင်းလဲကြရမည်ဖြစ်သည်။

အင်ဘာရီနှင့်အဖွဲ့သည် ကာဇက်စတန်နိုင်ငံဗိုင်ကိုနူးအာကာသယာဉ် လွှတ်တင်ရေးစခန်းမှ ဆိုယုဇ်ဒုံးယာဉ်ဖြင့် စက်တင်ဘာ ၁၈ ရက်က ထွက်ခွာလာကြခြင်းဖြစ်သည်။

ထိုအာကာသယာဉ်သည် စက်တင်ဘာ ၂၀ ရက် ကမ္ဘာ့စံတော်ချိန် နံနက် ၅ နာရီ ၂၁မိနစ်တွင် အိုင်အက်စ်အက်စ်အာကာသစခန်းယာဉ်နှင့် ချောမောစွာချိတ်ဆက်မိကြသည်။

မြေပြင်မှ တက်လာသူများကို အိုင်အက်စ်အက်စ်ယာဉ်မှ ယာဉ်မှူးများဖြစ်ကြသော ပါဗယ်ဗီဒိုဂရပ်ဒေါ့ဗ်၊ ဂျက်ဖ်ဝီလီယံနှင့် ဘောမတ်ရီတာတို့က ကြိုဆိုခဲ့ကြသည်။

အင်ဘာရီ၏ အရင်ကအမျိုးသားသုံးဦးသည် အာကာသခရီးသည်များအဖြစ် အာကာသယာဉ်များနှင့်လိုက်ပါခဲ့ကြဖူးသည်။ ၎င်းတို့သုံးဦးမှာ ဒင်းနစ်တီးတိုး၊ မက်ရှပ်တယ်လ်ဝဒ်သ်နှင့် ဂရက်အော်လ်ဆင်တို့ဖြစ်သည်။ လူပုဂ္ဂိုလ်အနေဖြင့်ဆိုပါက အင်ဘာရီသည် စတုတ္ထမြောက် အာကာသခရီးသည်ဖြစ်သော်လည်း အမျိုးသမီးတစ်ဦးအနေဖြင့် ကြည့်ပါလျှင် ပထမဆုံးသော အမျိုးသမီး အာကာသခရီးသည်ပင်ဖြစ်သည်။

သူမသည် အီရန်နိုင်ငံတွင် မွေးဖွားခဲ့သူဖြစ်ပြီး ယခုအခါ အမေရိကန်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအဖြစ် ရပ်တည်နေသူဖြစ်သည်။ ၎င်းသည် ယခုခရီးစဉ်တွင် လိုက်ပါနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၂၀နီးပါးမျှကုန်ကျခဲ့သည်။

အင်ဘာရီသည် အိုင်အက်စ်အက်စ်စခန်းယာဉ်အတွင်း၌ ယခုလကုန်အထိ နေထိုင်ပြီးနောက် အာကာသယာဉ်မှူး ဗီဒိုနိုဂရပ်ဒေါ့ဗ်၊ ဝီလီယံတို့နှင့်အတူ မြေပြင်သို့ ပြန်လည်ဆင်းသက်လာမည်ဖြစ်သည်။ **အင်တာနက်။**

**အင်ဘာရီနှင့် အာကာသယာဉ်မှူးနှစ်ဦး လိုက်ပါသွားသော ဆိုယုဇ် အာကာသယာဉ်ကို မပစ်လွှတ်မီတွေ့ရစဉ်။**